# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 24 January 2025 ၁၁၇၁၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးက ဦးစီးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကမ္ဘာအေးဘုရားလမ်းရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ma Jia နှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ma Jia နှင့် တာဝန်ရှိသူများ တရုတ်ရိုးရာပစ္စည်းများ ပြသထားသည့် ဆိုင်ခန်းများအား ကြည့်ရှုအားပေးစဉ်။


**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများ ထုတ်ပြန်ကြေညာ** — စာမျက်နှာ » ၂

**စွမ်းရည်ထက်မြက် ကာကွယ်လျက်ပေ တပ်မတော်(ရေ)** — ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး** — စာမျက်နှာ » ၈

**ဆိုရှယ်မီဒီယာပလက်ဖောင်းဆိုင်ရာ မလေးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် မူဝါဒကိုလေ့လာခြင်း** — ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး အမျိုးသားရေးတာဝန်ဖြင့်ဆောင်ရွက်

မျက်မှောက်ကာလတွင် နည်းပညာများ တစ်နေ့တခြား တိုးတက်ထွန်းကားလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်း၌ အွန်လိုင်းလိမ်လည်မှုများနှင့် လောင်းကစားမှုများ ကြီးထွားလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင်သာမက မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းလောင်းကစားမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ လတ်တလောတွင် ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေသည် ၂၀၁၆ ခုနှစ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စများဆောင်ရွက်ရန်အကြောင်းပြ၍ စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မီဒီယာများမှဖော်ပြချက်များ၊ တရားမဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်သတင်းများကြောင့် စီမံကိန်းဆက်လက်တည်ဆောက်ခြင်းကို ရပ်ဆိုင်းခဲ့သည့်ဒေသဖြစ်သည်။ အဆိုပါနယ်မြေတွင် လက်နက်ကိုင်အဖွဲ့ပေါင်းစုံ လှုပ်ရှားနေထိုင်လျက်ရှိခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲရှိခြင်းတို့ကြောင့် နယ်မြေဒေသမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ ဆက်စပ်နေရာများတွင် ကိုယ်ကျိုးစီးပွားရှာဖွေသူများက အခွင့်ကောင်းယူကာ အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်နေခြင်းဖြစ်သည်။

အဆိုပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစတင်၍ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံနယ်စပ်ဒေသများသို့ ရောက်ရှိလုပ်ကိုင်လာကြခြင်းဖြစ်သည်။

မကြာသေးမီရက်ပိုင်းက ထိုင်း-မြန်မာ (မဲဆောက်-မြဝတီ) နှစ်နိုင်ငံနယ်စပ်၌ ပျောက်ဆုံးခဲ့သည့် တရုတ်နိုင်ငံသား သရုပ်ဆောင်တစ်ဦးကို ၎င်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများက အချင်းချင်းချိတ်ဆက်၍ ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးသည့်သတင်းကို သတင်းမီဒီယာများ၌ ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါဖြစ်စဉ်သည် ထိုင်းနိုင်ငံအခြေစိုက် အနုပညာကုမ္ပဏီတစ်ခုမှတစ်ဆင့် ရုပ်ရှင်သရုပ်ဆောင်လုပ်ကိုင်ရန် စည်းရုံးခဲ့သဖြင့် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားဝင်ရောက်ရှိလာခြင်းဖြစ်သည်။ ထို့နောက် ထိုင်းနိုင်ငံ မဲဆောက်မြို့အနီးရှိ သောင်ရင်းမြစ်ကမ်းမှ လှေဖြင့်ကူးပြီး မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် လူကုန်ကူးခံရခြင်းဖြစ်သည်။

အဆိုပါနေရာသည် အွန်လိုင်းလောင်းကစားလိမ်လည်သည့်နေရာဖြစ်ပြီး အဆောက်အအုံအတွင်း တရုတ်နိုင်ငံသား ၅၀ ခန့်ရှိသည်။ ထို့နောက် မိသားစုနှင့်အဆက်အသွယ်ရရှိခဲ့ပြီး ၎င်းတရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချိတ်ဆက်မှုအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တရားမဝင် ဝင်ရောက်လာသူများရှိခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြသူများဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လစာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာကြသူများဖြစ်ကြောင်း သိရသည်။ အလားတူ တရားမဝင်ဝင်ရောက်လာသူများကိုလည်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

ထိုသို့အွန်လိုင်းလိမ်လည်မှုများ၊ လောင်းကစားမှုများ ပြုလုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားရရှိရေး၊ အင်တာနက်အဆက်အသွယ်ရရှိရေးနှင့် တရားမဝင်လုပ်ငန်းအတွက် လက်နက်ခဲယမ်းများနှင့် အဆောက်အအုံများရရှိရေးကို လုပ်ကိုင်နေသူများအနေဖြင့် တစ်ဖက်နိုင်ငံကိုအခြေခံ၍ ရယူသုံးစွဲနေခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများ လုပ်ကိုင်နေသူများသည် မြန်မာနိုင်ငံမှမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်နေထိုင်ပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြခြင်းဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတူတကွလက်တွဲတိုက်ဖျက်သွားရန်လိုအပ်သည်။

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသော အနေအထားများအပေါ် အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံသားအချို့က EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းများက အဆိုပါဒုစရိုက်မှုများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းပေးခြင်းလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုအများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့မှတစ်ဆင့်ဖြတ်သန်းပြီး မြန်မာနိုင်ငံနယ်စပ်တွင် တရားမဝင်ဝင်ရောက်လုပ်ကိုင်သူများဖြစ်ကြောင်း တွေ့ရှိရသော်လည်း မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ဥပဒေနှင့်အညီစစ်ဆေးကာ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ပြီး အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)ဖြင့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ နည်းဥပဒေများတွင် အခန်း(၁၀)ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း (၅၉) ပိုဒ်၊ နောက်ဆက်တွဲပုံစံ (၁၂)ခုဖြင့် ဖော်ပြထားပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန် အသက်နှင့် ကာလတွက်ချက်ခြင်း၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် စာရင်းပြုစုခြင်းနှင့်မှတ်ပုံတင်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ခြင်းနှင့် စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကိုလျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခြင်း၊ အခန်း(၆)တွင် အမိန့်စာဆင့်ခေါ်ခြင်း၊ အခန်း(၇)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၈)တွင် ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၉)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၁၀)တွင် အထွေထွေတို့ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## ၂၃ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၈,၀၀၀ | ၂၆၂ | ၂,၀၇၅,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၂ | ၆,၃၀၀ |
| MCB | ၈,၄၀၀ | ၈,၂၀၀ | ၇ | ၅၈,၆၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၂,၈၉၈ | ၅,၄၀၆,၂၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၂၅၀ | ၈၀၀,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၆၅ | ၁၀၇,၂၅၀ |
| AMATA | ၄,၀၀၀ | ၄,၂၀၀ | ၁,၀၀၆ | ၄,၁၂၃,၂၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၄၀၁ | ၁,၂၉၃,၂၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ma Jia နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ တရုတ်ရိုးရာယဉ်ကျေးမှုတူရိယာဖျော်ဖြေမှုများ၊ အကအလှုများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

○ ရှေ့ဖုံးမှ

သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ **ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး**နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် တရုတ်ရိုးရာပစ္စည်းများ ပြသထားသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

**သက်တမ်းရှည်ကြာစွာဖြစ်ထွန်းခဲ့ပြီဖြစ်**

အခမ်းအနားကို တရုတ်ရိုးရာ ခြင်္သေ့တိုင်အက၊ ခြင်္သေ့နဂါးအကတို့ဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း**က နှစ်သစ်ကူးအထိမ်းအမှတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား တည်ထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း။

ရေမြေတောတောင်များ ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား ရှေးပဝေသဏီကတည်းက ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးထားရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ခေတ်သစ်တွင် နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော်ညီရင်းအစ်ကိုစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်မှုများဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို “ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး” အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် မြန်မာ-တရုတ် အေးအတူပူအမျှအသိုက်အဝန်းစိတ်ဓာတ်ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ma Jia တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစရှိသည့် ကဏ္ဍများတွင် အကူအညီများကို အစဉ်တစိုက်ပေးအပ်လျက်ရှိသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အကူအညီများပေးအပ်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းကပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ ဤနေရာတွင် တရုတ်နိုင်ငံ၏ နားလည်မှုနှင့် အကူအညီပေးမှုကို များစွာတန်ဖိုးထားပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံအကြားရှိသည့် ပြည်သူများအားလုံး မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီး နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma Jia က ၂၀၂၅ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ဖြစ်ပြီး တရုတ်ပြက္ခဒိန်၏ မြွေနှစ်လည်းဖြစ်ပါကြောင်း၊ တရုတ်ရိုးရာယဉ်ကျေးမှုတွင် မြွေထွက်ပေါ်လာခြင်း၏ အဓိပ္ပာယ်မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓဆီမီးထွန်းလင်းတောက်သောနှစ်ဟုလည်း ခေါ်ဆိုပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများ၏ အကျိုးပြုမှုများစွာကို ဆောင်ကြဉ်းပေးကာ တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေမည်ဟု မျှော်လင့်မိပါကြောင်းနှင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ရိုးရာယဉ်ကျေးမှုတူရိယာဖျော်ဖြေမှုများ၊ အကအလှုများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှုများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄) နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ် (၈၄)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင် တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေး ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တက်ရောက်မိန့်ခွန်း ပြောကြား သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ ရန်ကုန် တပ်နယ်နှင့် သန်လျင်တပ်နယ် တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘ ဆွေမျိုးများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြ ကွင်းအတွင်း ချီတက်နေရာယူကြ ပြီး နိုင်ငံတော်အလံအား အလေးပြု ကြသည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြု တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၄)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၄)မှ ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၈)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၈)မှ ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနေး လျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုကြသည်။ ယင်းသို့ တပ်ခွဲများက အနေး လျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြုချီတက် မောင်းနှင်အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေး ဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၄)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်နှင့် ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင် တို့ကို လည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၅၈)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်နှင့် ရေကြောင်း အင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော် တို့ကိုလည်း ကောင်း ထူးချွန်ဆုများပေးအပ် ချီးမြှင့်သည်။

**လေ့ကျင့်သင်ကြား**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (ရေ)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်(ရေ) အတွက်သာမက နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ် လောင်းမည့် မျိုးဆက်သစ် အရာရှိ ငယ်များကို အောင်မြင်စွာလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်း ကာလအတွင်း ရေကြောင်း သွားလာရေးဆိုင်ရာ ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာဆိုင်ရာ ပညာရပ်များ၊ ရေတပ်လက်နက် နှင့် လက်နက်စနစ်ဆိုင်ရာ ပညာ ရပ်များနှင့် ရေတပ်အုပ်ချုပ် ထောက်ပံ့မှုဆိုင်ရာ ပညာရပ်များ ကို စာတွေ့သင်ကြားပေးခဲ့သည့် အပြင် ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်မှုများကိုလည်း စစ်ရေ ယာဉ်များတွင် တွဲဖက်၍ လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း၊ ယခု သင်ကြားပေးလိုက်သည့် ရေတပ်

စာမျက်နှာ ၅ သို့ »»»

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ အား ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်ထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ သံတမန်ရပ်ကွက်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာသံရုံး ဆောက်လုပ်ရေး တည်နေရာသို့ သွားရောက်၍ လိုအပ်သည်များကို မှာကြားကာ အဆောက်အအုံ အုတ်မြစ်သွန်းလောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်မြေ အပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ်အရ ရရှိထားသည့် မြေကွက် သုံးကွက်အနက် ကျန်ရှိသော သံတမန်လူနေရပ်ကွက်ရှိ သံရုံးပိုင်မြေကွက် နှစ်ကွက်သို့သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်နိုင်မှု အခြေအနေကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံရုံး ဘန်ဒါဆရီဘီဂါဝန်မြို့၏ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ သံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် အိမ်ရှင်ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး(၂)က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို Rumbia Restaurant ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂)နှင့် ASSARRAA VIP Guest House Villa-2 ၌ တွေ့ဆုံဆွေးနွေးပြီး အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား Istana Nurul Iman နန်းတော်၌ ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့်ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးဆိုင်ရာ အစရှိသော ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အာဆီယံ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၄ မှ**

ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားရန် အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အတိုင်း မိမိအဖွဲ့အစည်းက အားကိုးရသော ခေါင်းဆောင်ကောင်းများဖြစ်စေရန်၊ မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်၊ မှန်ကန်စွာ ခေါင်းဆောင်နိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံရန် လိုအပ်သဖြင့် အလေးအနက်ထား လုပ်ဆောင်လိုက်နာရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာ၌ မိမိလက်အောက်ငယ်သားများကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရသကဲ့သို့ မိမိကိုယ်တိုင်ကလည်း စံနမူနာပြလိုက်နာစောင့်ထိန်းရန် လိုအပ်ကြောင်း၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မြော်မြင်နိုင်မှုနှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် စာပေကောင်းများကို ဖတ်ရှုသွားရန်နှင့် Professional Skill အစဉ်မြင့်မားနေစေရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း အလေးထားကျင့်ကြံလိုက်နာသွားရန် လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒညွှန်ကြားချက်များအား စဉ်ဆက်မပြတ် လေ့လာရမည့်အပြင် အသိပညာ ဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရန် လေ့လာမှတ်သားနေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အဏ္ဏဝါသိရိရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် သင်တန်းဆင်းအရာရှိများနှင့် မိဘများအား တွေ့ဆုံ၍ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲကျင်းပနေစဉ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတေးဂီတအဖွဲ့နှင့်တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့က တေးသီချင်းအဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအခမ်းအနား အပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |
| ( ခ ) | ဦးကျော်ယဉ်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ဌာန |
|---|---|---|
| (က) | ပါမောက္ခ ဒေါက်တာရဲမြင့်<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော်<br>ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခ ဒေါက်တာခင်စောဦး<br>ပါမောက္ခ/ဌာနမှူး<br>ခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာ<br>တက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက နေပြည်တော် မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်တွေ့စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ဟိန်းသူအောင်(ဇမ္ဗူသီရိ)

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်းမကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# စွမ်းရည်ထက်မြက် ကာကွယ်လျက်ပေ တပ်မတော်(ရေ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း တစ်ခုဖြစ်သကဲ့သို့ တပ်မတော်(ရေ)သည်လည်း တပ်မတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်ဟုဆိုရာ၌ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေး တပ်ပေါင်းစုကိုခေါ်ဆိုခြင်းဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်များသည် နိုင်ငံတော်အတွက် သုံးနားညီ တြိဂံပမာညီညွတ်စုစည်းစွာ ရပ်တည်လျက်ရှိသည်။ တပ်မတော်တစ်ရပ်၏ စွမ်းအားဆိုသည်မှာ လူ၊ လက်နက်၊ နည်းပညာတို့စုံလင်စွာရှိပြီး အသုံးပြုနိုင်ခြင်းဖြစ်သည်။ ခေတ်မီတန်ဖိုးကြီးသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုတတ်ပါက အကျိုးရှိမည်မဟုတ်ပေ။

ထို့ကြောင့် တပ်မတော်တွင် အဓိကတာဝန်ကြီး သုံးရပ်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်ဟူသော တာဝန်ကြီးသုံးရပ်သတ်မှတ်ထားခြင်းဖြစ်သည်။ အဓိကအကျဆုံးသောတာဝန်သည် လေ့ကျင့်ရေးဖြစ်သည်ဟုဆိုနိုင်သည်။ လေ့ကျင့်မှုမရှိဘဲ မည်သည့်အရာမျှ တတ်မြောက်လိမ့်မည်မဟုတ်ပေ။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးဟူသော ဆောင်ပုဒ်ဖြစ်ပေါ်လာခဲ့သည်မှာသာဓကဖြစ်သည်။ တပ်မတော်သားတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ တပ်မတော်သို့ ဝင်ရောက်လာသူတိုင်းသည် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပြီးမှသာ တပ်မတော်သားအဖြစ်သို့ ရောက်ရှိခြင်းဖြစ်သည်။

တပ်မတော်သို့ လေ့ကျင့်ရေးနှင့် စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရသည်။ မိမိနိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကို အစွမ်းထက်စွာ ကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရသည်မှာ တာဝန်ကို မြတ်နိုးတွယ်တာစိတ်ဖြစ်သည်။ ထိုသို့လေ့ကျင့်လျက်ရှိရာတွင် မတူကွဲပြားသော သဘောသဘာဝများရှိကြသည်။ ကြည်း၊ ရေ၊ လေတပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်က ပေးအပ်သောအမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။



၂၄-၁၂-၂၀၂၄ ရက်နေ့က တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာပြုလုပ်ခဲ့သည့် တပ်မတော်(ရေ)က တည်ဆောက်ပြီးစီးခဲ့သော ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး “သာလွန်မင်း”ကို တွေ့ရစဉ်။

လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၇၇)နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်အမှာစကားပြောကြားရာ၌ **“စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့လာ လေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း”** ပြောကြားခဲ့သည်။

> **“တပ်မတော်သို့ လေ့ကျင့်ရေးနှင့် စတင်ဝင်ရောက်ခဲ့ရသလိုတပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရသည်။ မိမိနိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကို အစွမ်းထက်စွာ ကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရသည်မှာ တာဝန်ကိုမြတ်နိုးတွယ်တာစိတ်ဖြစ်သည်။ ထိုသို့ လေ့ကျင့်လျက်ရှိရာတွင် မတူကွဲပြားသော သဘောသဘာဝများရှိကြသည်။ ကြည်း၊ ရေ၊ လေတပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်က ပေးအပ်သောအမိန့်နှင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်နေမည်”**

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတ တိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဟူသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီတိုးတက်စေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းများ သင်တန်းပြီးမြောက်ပြီဖြစ်သည်။ သင်တန်းသားများကို သင်တန်းကာလအတွင်း နိုင်ငံတကာ ရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့်လက်နက်စနစ်ပညာရပ်များ၊ ရေတပ်ဆက်သွယ်ရေးနှင့်အီလက်ထရွန်နစ်ပညာရပ်များ၊ ရေတပ်စစ်ဆင်မှုပညာရပ်များ၊ ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များ၊ ရေကြောင်းစက်မှုလက်မှုပညာရပ်များ၊ ရေကြောင်းလျှပ်စစ်ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြပြီးဖြစ်သည်။ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပဲ့စင်တာဝန်ကျအရာရှိနှင့် တွဲဖက်စက်မှုလက်မှုတာဝန်ကျအရာရှိများအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ဆက်လက်လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်မှုများ ပြီးမြောက်သွားသည့်အခါ အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထိုက်သင့်သည့် ပင်လယ်ပြင်လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများကို ထပ်မံတက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစုကို တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)သည် စစ်ရေယာဉ်များ တည်ဆောက်ခြင်း၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တပ်မတော်(ရေ)မှတည်ဆောက်ပြီးစီးခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးအမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ကျင်းပခဲ့သည်မှာလည်း တပ်မတော်(ရေ)၏ အောင်မြင်မှုစွမ်းရည်ဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှသည် ယခုဖရီးဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ **“ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါစစ်ရေယာဉ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့်သင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်သည်။

တပ်မတော်(ရေ)နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၏ပိုင်နက်ရေပြင်မှာ ကျယ်ဝန်းပြီး ထိုပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရသည့်တာဝန်မှာကြီးမားလှသည်။ ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် မြန်မာ့ပင်လယ်ပြင်၌ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝအလှများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထို့ပြင် မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ်နေရာတွင်လည်း တည်ရှိနေသည်။ မည်သည့်ရှုထောင့်ကကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် မြန်မာတို့ပိုင်ဆိုင်သော **“ရွှေနိုင်ငံ၏ ရွှေပင်လယ်”** အစစ်ပင်ဖြစ်သည်။

**စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

**❛ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy)အဖြစ်သို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ❜**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို သိမြင်သည့်အတွက် တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှု ပြုပံ့ပိုးဖြည့်ဆည်း ပေးခဲ့သောကြောင့် **“ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)”** အဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာ ခြိုးခြံချွေတာနိုင်ခဲ့သည်။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှ အောင်မြင်မှုသို့ လှမ်းတက်နိုင်ခဲ့သည်မှာ တပ်မတော်(ရေ)၏ စွမ်းအားများပင်ဖြစ်သည်။

တပ်မတော်(ရေ)၏ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် မူတည်သည်။ တပ်မတော်(ရေ)အနေဖြင့် ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံးတွင် ကွက်ပြည့်နင်း စစ်ဆင်နိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပင်လယ်ပြင်မှ ကုန်းမြေအပေါ်အကျိုးသက်ရောက်မှု ပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ပြင်သယံဇာတများကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ ရေတပ်အင်အားကို တိုက်ခိုက်ရေးအင်အားအဖြစ် အသုံးချနိုင်ရန် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့် လက်နက်စနစ် အသင့်၊ အရာရှိ၊ စစ်သည်အသင့်ဟူသော အသင့်(၃)ရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုးကောင်းကျိုးအတွက်ဖြစ်သည်။

တပ်မတော်(ရေ)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကဏ္ဍကြီး(၄)ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ စာနာကူညီပေးရေးကဏ္ဍ၊ သံတမန်ရေးကဏ္ဍတို့အနက် စစ်ရေးကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် **“အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်”** ဟူသည့် “မြဲသုံးမြဲ” ကို လက်ကိုင်ထားကာ **“လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်သို့ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်(ရေ)က မွေးထုတ်ပေးခဲ့သော တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈) သင်တန်းများ အောင်မြင်စွာပြီးမြောက်ခြင်းကို ဂုဏ်ပြုပါကြောင်းနှင့် တပ်မတော်(ရေ) အနေဖြင့် **“မြန်မာ့ပင်လယ် ဒို့ကာကွယ်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပင်လယ်ပြင်ကို ထာဝစဉ်စောင့်ရှောက်ကာကွယ်နိုင်ပါစေကြောင်း **“စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)”**အဖြစ် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်က ဘာသာရပ်အလိုက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၁၀ ဦးကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဘွဲ့ရ ခုနစ်ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် အင်ဂျင်နီယာဘွဲ့ရ ၃၂ ဦး၊ ရေကြောင်းစက်မှု အင်ဂျင်နီယာဘွဲ့ရ ၁၅ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ၃၉ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ရ တစ်ဦး၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၅၈ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၂၃၅ ဦးတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၈)ကြိမ်ကျင်းပခဲ့ရာ ရေကြောင်းဘက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ ၃၄၆၂ ဦးနှင့် သိပ္ပံဂုဏ်ထူးနှင့် သိပ္ပံဘွဲ့ရ ၁၂၁၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၂၄၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၁၁ ဦးနှင့် မဟာဘွဲ့ရရှိသူ ၂၂ ဦး၊ စုစုပေါင်း ဘွဲ့ရရှိသူ ၅၉၆၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်ပန်းတွေဝေ တပ်မတော်(ရေ)

✳ ရေပြင်ကျယ် ပင်လယ်စခန်းမှာ
တာဝန်ထမ်းတဲ့ စစ်သည်တော်တွေ
အောင်ပန်းတွေဝေ။
ကမ်းနှင့်ဝေးကွာနေ
ဆွေးဖြာပွေ ရင်ထဲမရှိ။
မုန်တိုင်းလေ လှိုင်းလေကြမ်းလို့
အခက်အခဲတွေ ဘယ်လိုဆန်းပေမယ့်
ရှင်လန်းနေ၏။

✳ တို့မြန်ပြည် ကြာရှည်မြဲအောင်လို့
ဖွဲ့မာန်က တဝေဝေ
ပြည့်သိပ်လို့နေ။
တို့ပိုင်နက် ရေမြေလေ
ကာကွယ်နေ ပြီးပျော်လျက်။
တပ်မတော်(ရေ) ဇာနည်ဖွားတို့
လှုပ်ရှားသွက်လက်။

✳ လေ့ကျင့်ရေးသည် စစ်ဆင်ရေး
သင်ကြားပေးလို့ ရည်သွေးပင်
ဂုဏ်မြင့်စေချင်။
စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာပညာရှင်
ကျွမ်းကျင်ကာ တာဝန်ထမ်းရေး။
တပ်မတော်(ရေ)သင်တန်းများ
ထူးခြားတယ်လေး။

✳ “မြန်မာ့ပင်လယ် ဒို့ကာကွယ်”
ဉာဏ်ရည်ကြွယ် အသိတိုးဖို့
ကြိုးစားလို့ နေလျက်သာ။
စစ်ရေယာဉ် တည်ဆောက်ပြု
အောင်မြင်မှုပါ။
တပ်မတော်(ရေ)ရဲ့ အတတ်ပညာ
ပြည်မြန်မာ ဂုဏ်မြင့်မား။
လှိုင်းနှင့်လေ သက်သေထားလို့
အားမာန်ဝင့်ကြွား။

✳ လေ့ခက်ချည်းကျန် အလံမလှဲ
အားမာန်ဖွဲ့ သတ္တိတွေ။
အခက်အခဲကို ဖြတ်ကျော်လွှား
ဝင့်ကြွားလို့နေ။
အစဉ်အလာကောင်းတဲ့ တပ်မတော်(ရေ)
မျိုးဆက်တွေ အမွေပေး။
ပြည်အရေး ရည်မျှော်လို့
နိုင်ငံတော်အလှ မယွင်းရအောင်
“သာလွန်မင်း” ပမာအောင်ဖေျှတုနဲ့
ပင်လယ်ပြင် စိုးမိုးမှုကို
ဂုဏ်ပြုတယ်လေး။ ။

**အာကာမောင်မောင်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှု အခြေအနေ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အကြံပြုချက်များအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ပေးခဲ့မှု အခြေအနေ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ NCA ကိုအခြေခံသည့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖော်ဆောင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးကိုကိုကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ လက်ရှိနိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍအရေးပါမှုနှင့် NSPNC နှင့် နိုင်ငံရေးပါတီများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့် အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင် ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ သဘောထားစုစည်းရရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မည့် နှစ်ဖက်ထပ်မံအဆိုပြုချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်း၍ သဘောထားများရယူပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပုဗ္ဗသီရိမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် တောက်ထိန်ကျေးရွာ အေးချမ်းသာယာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ တောင်သူ ဦးရန်နိုင်ဦး၏ ရေဆင်း(၁)ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ သမဝါယမအသင်းသားများ၊ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများအနေဖြင့် သမဝါယမအသင်းမှ စိုက်ပျိုးထားသောဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသောနေကြာများကို သမဝါယမအသင်းပိုင်ဆီစက်များမှ ပွဲစားမလိုဘဲ တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်းဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကိုစုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပေးသွင်းစိုက်ပျိုးပါက ဝါသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်မှု ကွင်းသရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၂၃

သင့်တော်သော ရေသွင်းနည်းစနစ်ကို မှန်ကန်စွာ အသုံးချပြီး မိုးကြို၊ မိုး၊ မိုးနှောင်း၊ ဆောင်း စသည့် စိုက်ရာသီများတွင် သင့်တော်သည့်အချိန်ကို ရွေးချယ်စိုက်ပျိုးနိုင်ရန် ဝါသီးမျိုး ခြောက်မျိုး စမ်းသပ်စိုက်ပျိုးခြင်းကို နေပြည်တော်၊ ပျဉ်းမနား စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်း၌ ဆောင်ရွက်ထားရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လွန်ကျော်၊ ရွှေတောင် (ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ)၊ ပျော်ဘွယ် (ချောင်းမကြီး) ဝါသီးနှံမျိုးသန့်ခြံ၊ မကွေးတိုင်းဒေသကြီး ဝါသီးနှံမျိုးသန့်ခြံ (အောင်လံ)၊ ပဲခူးတိုင်းဒေသကြီး ဝါသီးနှံမျိုးသန့်ခြံ(လေးဆည်ပြင်)တို့မှ ခြံတာဝန်ခံများ၊ သုတေသနတာဝန်ခံများ၊ မျိုးပွားတာဝန်ခံများနှင့် စိုက်ပျိုးရေးပညာရှင်များ လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့ဝင်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပုံမှန်စိုက်ပျိုးနေကျဝါသီးနှံစိုက်ပျိုးချိန် မဟုတ်သော်လည်း ရေပေးသွင်းစိုက်ပျိုးနိုင်ပါက ဆောင်းရာသီတွင် စမ်းသပ်စိုက်ပျိုး ဖြစ်ထွန်းနိုင်စွမ်းကိုလေ့လာရန် ပြည်ပမှတင်သွင်းသော RAKA 66၊ B31၊ KTK-1 စပ်မျိုး နှင့် အများစုစိုက်ပျိုးလျက်ရှိသော ဝါမျိုးများဖြစ်သည့် ရွှေတောင်(၈)၊ ရွှေတောင် (၁၀) နှင့် ငွေချည် (၁၁) မျိုး သုံးမျိုး စုစုပေါင်း မျိုးခြောက်မျိုးတို့၏ အမွေးချွတ်ပြီး မျိုးစေ့များဖြင့် ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားပြီး တောင်သူများ လက်တွေ့လေ့လာနိုင်ကြစေရန် ကွင်းသရုပ်ပြဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဝါပင်များ ပုံမှန်ကြီးထွား ဖြစ်ထွန်းမှုရှိပြီး ရေပေးသွင်းနိုင်ပါက မည်သည့်ရာသီမဆို စိုက်ပျိုးနိုင်ကြောင်း၊ ဝါသီးနှံတွင် ဆိုးရွားစွာကျရောက်တတ်သည့် ပိုးမွှားရောဂါများ ဆောင်းရာသီတွင် တက်ကြွမှုမရှိ၍ ကျရောက်မှုကင်းဝေးခြင်းကြောင့် ဓာတုပိုးသတ်ဆေးသုံးစွဲရမှုကို လျှော့ချနိုင်ကြောင်း၊ ဒေသအလိုက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်၍ ဝါမျိုးစေ့ထုတ်ကေကို တိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက အက်စစ်ဖြင့် အမွေးချွတ်ထားသောဝါမျိုးစေ့ကို အသုံးပြုထားမှု၊ စိုက်ပေါင်များကို ပလတ်စတစ်အမည်းရောင်ဖြင့် ဖုံးအုပ်ထားပြီး ရေမွှားရေပေးစနစ်(Film irrigation) ဖြင့် ရေပေးသွင်းစိုက်ပျိုးထားရှိခြင်းကြောင့် အပင်သက်တမ်းရက် ၆၀ သားခန့်ရှိနေသော်လည်း ပြည်တွင်းဝါမျိုးနှင့် နိုင်ငံခြားစပ်မျိုးဝါများ၏ အပင်ကြီးထွားမှု သိသာစွာ ကွာခြားမှုမရှိကြောင်း ၊ ဝါသီးနှံမျိုးသန့်ခြံများ၌ မျိုးသန့်ပွားများခြင်း၊ ဝါဆွတ်ချိန်အလိုက် မှတ်တမ်းထားရှိပြီး ဝါပေါက်သည့်အကြိမ်အလိုက် မျိုးစေ့အရည်အသွေးကို သုတေသနပြုရန် လိုအပ်ချက်များ ၊ မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များကို ထိန်းသိမ်းထားရှိရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံပါဠိတော် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပိဋကတ်သုံးပုံပါဠိတော် ခုနစ်ကျမ်းအား အင်္ဂလိပ်ဘာသာသို့ပြန်ဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (တိုးချဲ့ရုံးသစ်)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ မော်ကွန်းထိန်းဆရာတော်များနှင့် ပါမောက္ခ/ဌာနမှူး ဆရာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခဆရာတော်များ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်မှ မဟာဌာနမှူးဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများ၊ ပညာရှင်ဆရာကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာတော်ဆိုင်ရာများကို ဆွေးနွေးလျှောက်ထားပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆို ဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားတင်ပြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရာတွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များ ချွတ်ချော်တိမ်းစောင်းမှုမရှိစေရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခင်ဘာသာပြန် ဆောင်ရွက်လျက်ရှိသည့် ပညာရှင်များ၏ အတွေ့အကြုံ အကြံဉာဏ်များ၊ နည်းလမ်း၊ စည်းမျဉ်း၊ စည်းကမ်းများကိုနည်းနာယူ၍သာသနာတော်အတွက် တက်ညီလက်ညီ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ရာတွင် မြန်မာဘာသာပြန်အပြင်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကိုပါ ဆက်စပ်တွေးခေါ်သုံးသပ်ပြီး ဘာသာပြန်ဆိုရသည့်အတွက် တာဝန်ကြီးမားသော်လည်း မွန်မြတ်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ထေရဝါဒ ငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံဖြစ်သည့်အားလျော်စွာ ယခုဆောင်ရွက်သည့် အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို ကမ္ဘာ့အဆင့်အတန်းမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိစစ်တည်းဖြတ်ပြီး စာအုပ်များကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗုဒ္ဓတက္ကသိုလ်များနှင့် စာကြည့်တိုက်များသို့ လှူဒါန်းသွားမည် ဖြစ်ကြောင်း မိန့်ကြားကြသည်။

ဆက်လက်၍ ပိဋကတ် ဘာသာပြန် စာတည်းအဖွဲ့ခေါင်းဆောင် ဆရာကြီး ဦးအောင်သိန်းညွန့်နှင့် အဖွဲ့ဝင် ဆရာကြီး ဦးလှသိန်းထွန်းတို့က ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ အင်္ဂလိပ်ဘာသာပြန်ဆိုမှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး လျှောက်ထားပြီး တက္ကသိုလ်လေးခုတို့မှ ပါဠိတော်ခုနစ်ကျမ်းအား အင်္ဂလိပ်ဘာသာပြန်ဆိုနိုင်ရန် ကျမ်းအလိုက် အသီးသီးတာဝန်ခွဲဝေယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်များအတွက် ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်း လေးစုံကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပိဋကတ်သုံးပုံပါဠိတော် ၅၃ ကျမ်းတွင် ဘာသာပြန်ဆိုစိစစ်ပြီးသော ကျမ်း ၃၅ ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် စာအုပ် ၃၆ အုပ် ထုတ်ဝေရန် စီစဉ်လျက်ရှိပြီး ပညာရှင်ဆရာကြီး ဆရာမကြီးများက တည်းဖြတ်နေဆဲကျမ်း ၁၁ ကျမ်း၊ အင်္ဂလိပ်ဘာသာသို့ မပြန်ဆိုရသေးသည့် ကျမ်း ခုနစ်ကျမ်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဇ-၁၂၇ တွင် ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ(KySPP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၁-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ အလံပုံစံ**




**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**သည်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၁၉ ပါတီရှိပြီး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၉ ပါတီ ရှိပြီဖြစ်သည်။ ယခု လျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၃**

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏(၁၄) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

**သေချာစွာစိစစ်**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က နစ်နာကြေး၊ လျော်ကြေးပေးချေရန် တွက်ချက်တင်ပြလာသော လုပ်ငန်းကိစ္စရပ်တစ်ခုချင်းအလိုက် မြေယာတန်ဖိုး၊ သီးနှံတန်ဖိုးများ သင့်လျော်မှန်ကန်ခြင်း ရှိ/မရှိ အသေးစိတ်စိစစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးပေးလျော်မည့်အခြေအနေ၊ မြေယာပိုင်ဆိုင်သူတောင်သူ လယ်သမားများ၊ သက်ဆိုင်သူများနှင့် သဘောတူညီစွာ ညှိနှိုင်းဆောင်ရွက်ထားမှု အခြေအနေတို့ကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သေချာစွာစိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားကြသည့် တောင်သူလယ်သမားများနှင့် မြေယာပိုင်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အလျင်အမြန်ပေးလျော်နိုင်စေရေး ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သီးနှံလျော်ကြေးများ တွက်ချက်တင်ပြရာ၌ လယ်မြေတွင် ဥပဒေနှင့်အညီ စိုက်ပျိုးထားသည့်သီးနှံများနှင့် ယာမြေတွင် ဥပဒေနှင့်အညီ စိုက်ပျိုးထားသော စိုက်ပျိုးသီးနှံပင်များကိုသာ တိကျမှန်ကန်စွာ စာရင်းဇယားများ တိမ်းစောင်းချွတ်ချော်မှုမရှိစေဘဲ စိစစ်တင်ပြရေးကို သက်ဆိုင်ရာဌာနများက ပူးပေါင်းကြပ်မတ်ပေးရန် တိုက်တွန်းလိုကြောင်း၊ တောင်သူများ မနစ်နာစေရန် အလေးထားဆောင်ရွက်သကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရန် သတိပြုရမည်ဖြစ်ကြောင်း။

အချို့သောဒေသများ၌ လယ်မြေပေါ်တွင် ဒေသနှင့်ကိုက်ညီသည့် ဝင်ငွေပိုမိုရရှိနိုင်သော သီးနှံ Cash Crop ပြောင်းလဲစိုက်ပျိုးခွင့် တင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (က)အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်၍ ဒေသအတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင် လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက တောင်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်ရန် သီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးခွင့်ပြုပေးနိုင်ရေး ထည့်သွင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက်ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်း ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကိုတင်ပြရာ တက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးကြပြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က နစ်နာကြေး၊ လျော်ကြေးပေးချေရန် တွက်ချက်တင်ပြလာသောလုပ်ငန်းများ၊ နိုင်ငံနှင့်တစ်ဝန်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာသည့် ကိစ္စရပ်များကိုလည်း ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ဘာသာရပ်ဆိုင်ရာ သိသင့်သိထိုက်သော အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို အမှန်တကယ်တတ်သိနားလည်အောင် ကြိုးစားသင်ယူကြရန် မှာကြားသည်။



## လေ့ကျင့်သင်ကြားပေးရန်လို

ထို့နောက် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ဆရာကြီး ဆရာမကြီးများအနေဖြင့် ဘာသာရပ်တစ်ခုချင်းစီကို လွှဲပြောင်းတာဝန်ယူမည့်သူများအား အရည်အချင်းရှိသူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း ပြောကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)စာသင်ခန်း၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) သို့သွားရောက်ကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပြောကြား

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ပထမနှစ် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများဖြစ်လာပါက စေတနာကိုအရင်းခံပြီး မိမိတို့၏ တပည့်များအပေါ် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးနိုင်သော မြင့်မြတ်သည့် ဆရာများဖြစ်အောင် ကြိုးစားကြရန်နှင့် ကျောင်းသင်ခန်းစာများအပြင် ကိုယ်ကျင့်တရား အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး ဆရာမိဘအပေါ် ဂါရဝတရားရှိသူများ ဖြစ်လာအောင် သင်ကြားပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သားဖွားသင်တန်းကျောင်း မော်လမြိုင်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် သားဖွားသင်တန်းကျောင်း မော်လမြိုင် အပတ်စဉ်(၅) ပထမနှစ် သူနာပြုသားဖွား သင်တန်း မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ သားဖွား သင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့်သူနာပြုများမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ သားဖွားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး ကျန်းမာရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း သင်တန်းသား သင်တန်းသူများ အနေဖြင့်လည်း သူနာပြုများ လိုက်နာရမည့် ကျင့်ဝတ် စည်းကမ်းများနှင့်အညီ မိမိနှင့်လျော်ညီသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရန်နှင့် ပြည်သူလူထုမှ အားကိုးယုံကြည်ရသော မွန်မြတ်သော လုပ်ငန်းအဖြစ် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကြိုးစားသင်ယူလေ့လာ ဆည်းပူးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း မော်လမြိုင်မှ သူနာပြုသင်တန်းသူများက အကအလှများ၊ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေပေးခဲ့ကြသည့် သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သူနာပြုသားဖွား သင်တန်းအတွက် စားသောက်ကုန်များကို ပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။




အဆိုပါအပတ်စဉ်(၅)ပထမနှစ် သူနာပြု သားဖွားသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၃ ဦး၊ သင်တန်းကာလ သုံးနှစ်ကြာ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန်သင့်လျော်သော အစားအသောက်ရရှိရေး သင်တန်း (၁/၂၀၂၅)ဖွင့်ပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၃

ဘေးအန္တရာယ် ကင်းရှင်း၍ စားသုံးရန်သင့်လျော်သော အစားအသောက်ရရှိရေး သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(၁၂) ထပ်ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စားသောက်ဆိုင်များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်

ဦးစွာ ရန်ကုန်မြို့တော် (မြို့တော်ဝန်) ဦးဗိုလ်ဌေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ စားသောက်ဆိုင် အသီးသီးမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်၍ သင်တန်းကာလမှာ ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာ မြင့်သန်းထွန်းက အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဒေါက်တာရွှေဘော်က အစားအသောက် ပြုပြင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဒေါက်တာကိုကိုထွန်းက အစားအသောက်ထုတ်လုပ်မှု ဘေးအန္တရာယ်များကို စိစစ်ခြင်းနှင့် အဓိကအဆင့်ကို ကွပ်ကဲခြင်းစနစ်၊ ဒေါက်တာမြင့်မြတ်က သန့်ရှင်းသော အစားအသောက်နှင့် ဆိုးဆေးအန္တရာယ်၊ ဒေါက်တာဝေယံထက်က မသန့်ရှင်းသောရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ၊ ဒေါက်တာအောင်ကိုဦးက Basic Food Safety & Sanitation စသည့် အကြောင်းအရာများကို စနစ်တကျ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ မွေးမြူရေးပညာပေး ဆွေးနွေး

ရေတာရှည် ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ကျေးရွာများသို့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဝင်းဗိုလ်နှင့် တာဝန်ရှိသူများက ရေတာရှည်မြို့နယ်ရှိ မြောက်နန်ချွန်ကျေးရွာ၊ ကြံသနွယ်ကျေးရွာ၊ မှန်စီကျေးရွာ၊ တောင်နန်ချွန်ကျေးရွာတို့သို့ သွားရောက်၍ ကျေးရွာနေပြည်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအား မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးရေးနှင့် အရင်းအနှီးသွင်းအားစု ရရှိရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး “ရဠနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော်  ဇန်နဝါရီ  ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)လေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ “ရဠနန္ဒက” ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်ကိုက်ညီသောဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဠနန္ဒက”သည် ယခုအသက် ၂ နှစ် ၆ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၉ လက်မ ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၇၄ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဠနန္ဒက”သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဟုမ္မလင်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

**ဟုမ္မလင်း  ဇန်နဝါရီ  ၂၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။



အဆိုပါ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်ကော်မတီများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများနှင့် အားကစားသမားများ၊ ကြည့်ရှုအားပေးသည့်ပရိသတ်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့၊ ကဗျာလွတ်အကအဖွဲ့နှင့် ကွင်းအတွင်းတာဝန်ယူဆောင်ရွက်မည့် ကျန်းမာရေးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဟုမ္မလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃ သင်းက ဖေဖော်ဝါရီ ၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**ဟုမ္မလင်း (ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန်  ဇန်နဝါရီ  ၂၃**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ယနေ့နံနက်၉နာရီခွဲကသစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိခိုင်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးပိုင်ဇော်က သစ်တောထွက် သယံဇာတပစ္စည်းများအား ထိန်းသိမ်းရန်၊ သစ်တော၊ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ တောင်ယာခုတ်ထွင်မီးရှို့မှုများ မပြုလုပ်ရေးအကြောင်းအရာများ၊ ရေသယံဇာတထိန်းသိမ်းရေး အကြောင်းအရာများ၊ ရေချွေတာသုံးစွဲရေး၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော အကြောင်းအရာများ၊ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန်နည်းလမ်းများအကြောင်းကို ကျောင်းသားကျောင်းသူ ၂၀၀ အား အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများနှင့်အတူ အပြန်အလှန် မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အေးမဠူ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။



ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်၊ ချီကန်ဂန်းယားဗိုင်းရပ်စ်နှင့် ဇီကာ ဗိုင်းရပ်စ်များ၏ မျိုးကွဲများပျံ့နှံ့ပုံနှင့် မျိုးရိုးဗီဇပြောင်းလဲပုံ၊ အဆိုပါဗိုင်းရပ်စ်များကြောင့် လူ့ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော ကိုယ်ခံအားစနစ်နှင့် လတ်တလောတွေ့ရှိချက်များကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအားမျှဝေပေးရန် ရည်ရွယ်၍ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုများကို မီးမောင်းထိုးပြခြင်း" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်တို့မှ ပညာရှင်များက "မြန်မာနိုင်ငံနှင့် အခြားသောအာရှနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်၊ ချီကန်ဂန်းယားဗိုင်းရပ်စ်နှင့် ဇီကာဗိုင်းရပ်စ် ကူးစက်ရောဂါများ"၊ "ကူးစက်နိုင်သောအမှုန့်လုံးများကို အသုံးပြု၍ သွေးလွန်တုပ်ကွေး ပဋိပစ္စည်းတုံ့ပြန်မှုကို မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေးသွေးနမူနာများတွင် ဖော်ထုတ်ခြင်း"၊ "(၂၀၁၇) ခုနှစ်မှ (၂၀၁၉) ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေး သံသယလူနာများတွင် ချီကန်ဂန်းယားဗိုင်းရပ်စ်များကို မော်လီကျူးနည်းပညာဖြင့် ရှာဖွေ၍ အမျိုးအစားခွဲခြားခြင်း"၊ "(၂၀၁၇) ခုနှစ်မှ (၂၀၁၉) ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေး သံသယလူနာများတွင် ဇီကာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းကို လေ့လာခြင်း" စသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့အတူ " မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေးလူနာများ၏ ရောဂါဆိုင်ရာ၊ ဗိုင်းရပ်စ်ဗေဒဆိုင်ရာ၊ ကိုယ်ခံအားဆိုင်ရာ လက္ခဏာများ" "(၂၀၀၀) ပြည့်နှစ်မှ(၂၀၂၄) ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဖျားနာသောလူနာများတွင် တွေ့ရှိရသော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး မျိုးကွဲများနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် အတူတွဲဖက်တွေ့ရှိခဲ့သော ရောဂါများ"၊ "ဆေးသုတေသန ဦးစီးဌာနနှင့် နာဂါဆာကီတက္ကသိုလ်၊ ဂျပန်နိုင်ငံနှင့် မန္တလေးမြို့တို့၌ (၂၀၀၆) ခုနှစ်မှ(၂၀၂၃)ခုနှစ်အတွင်း ခြင်မှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါများအပေါ် ဆောင်ရွက်ခဲ့သည့် သုတေသနများ၏ရလဒ်များ" စသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှအထွေထွေသမားတော်နှင့် ဘွဲ့လွန်သင်တန်းသားများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ အဏုဇီဝဗေဒအတိုင်ပင်ခံဆရာဝန်၊ နေပြည်တော် ခုတင်- ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှ အဏုဇီဝဗေဒဆိုင်ရာအတိုင်ပင်ခံဆရာဝန်ကြီးတို့က သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချောက်မြို့နယ်ရှိ အခြေခံပညာကျောင်း ၁၉၁ ကျောင်း၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း ဆောင်ရွက်

ချောက် ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင်ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံးနှင့်ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အမက(၁၁) မြို့တိုးချဲ့ကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးထွန်းဆင့်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်နှင့် အဖွဲ့ဝင်များက အမက(၁၁)မြို့တိုးချဲ့ကျောင်းရှိ KG ကျောင်းသားကျောင်းသူ ၁၇ ဦးအားအာဟာရ ကျွေးမွေးခြင်း၊ အာဟာရ သုံးအုပ်စုအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ စနစ်မှန် သွားတိုက်ခြင်းအား နေ့လယ်စာကျွေးမွေးပြီး ဆောင်ရွက်စေခြင်း၊သရုပ်ပြဟောပြောခြင်းနှင့် အဏုအာဟာရမှုန့်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အဆိုပါကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၉၁ ကျောင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး KG တန်း ကျောင်းသား ကျောင်းသူ ၃၁၃၁ ဦးအား ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယခုပထမအကြိမ် အပါအဝင် ဇန်နဝါရီလအတွင်း နှစ်ကြိမ်နှင့် ဖေဖော်ဝါရီလအတွင်း တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



## သန်လျင်မြို့၌ အငြိမ်းစားဝန်ထမ်းများအား စားအုန်းဆီများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၇ နာရီမှစတင်ကာ သန်လျင်မြို့နယ်ရှိ ခရိုင်မြန်မာ့စီးပွားရေးဘဏ် (သန်လျင်) ဘဏ်ခွဲ၌ နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် နိုင်ငံ့ဝန်ထမ်း ပင်စင်စား (အငြိမ်းစား) များအား စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀နှုန်းဖြင့် တစ်ဦးလျှင် တစ်ပိဿာမှ သုံးပိဿာအထိ ရောင်းချပေးလျက်ရှိကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီများ ရောင်းချပေးရာသို့ ခရိုင်မြန်မာ့စီးပွားရေးဘဏ် (သန်လျင်) ဘဏ်ခွဲမှ ခရိုင်မန်နေဂျာ ဦးဇော်ရှင်းနှင့် ဘဏ်ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ကြံခင်းမြို့၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းသားများ စုဖွဲ့လေ့ကျင့်

ကြံခင်း ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံအမှတ်စဉ် ၁/၂၀၂၅)သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများ စုဖွဲ့လေ့ကျင့်မှုကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

အဆိုပါ စုဖွဲ့လေ့ကျင့်မှုကို ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်မှုဖြင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းသားများက အသက်ကယ်စွမ်းရည် သရုပ်ပြသခြင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း မီးလောင်မှုအား မီးငြိမ်းသတ်ခြင်းနှင့် မီးခိုးအလုံပိတ်အခန်းအတွင်း ပိတ်မိနေသော လူနာများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ဆောင်ရွက်ခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်သင်တန်းသား ၃၅ ဦးတို့က ရှာဖွေကယ်ဆယ်ရေး နည်းပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။



**ရောဦးသာ**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အမေရိကန်နိုင်ငံ၌ မွေးရာပါနိုင်ငံသားဖြစ်ခွင့်ကို ရုပ်သိမ်းရန် သမ္မတ ဒေါ်နယ်ထရမ့်၏ အမိန့်အပေါ် ပြည်နယ်အချို့က တရားစွဲဆို

ဝါရှင်တန် ဇန်နဝါရီ ၂၃

အမေရိကန်ပြည်ထောင်စုရှိ ဒီမိုကရက်တစ်ဦးဆောင်သော ပြည်နယ် ၂၂ ခုနှင့် အခြားပြည်နယ်များသည် မွေးရာပါနိုင်ငံသားဖြစ်ခွင့်ကို ရုပ်သိမ်းရန် သမ္မတ ဒေါ်နယ်ထရမ့်၏ အမိန့်အပေါ် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံအတွင်း မွေးဖွားသူတိုင်းသည် ၎င်းတို့၏မိဘများ မည်သည့်နိုင်ငံသားဖြစ်စေ အမေရိကန်နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။

လက်မှတ်ရေးထိုး

သို့သော် ၎င်းတို့၏မိခင်များသည် နိုင်ငံအတွင်း တရားမဝင် သို့မဟုတ် ခေတ္တနေထိုင်သူများဖြစ်ပါက ၎င်းတို့၏ ဖခင်များသည် အမေရိကန်နိုင်ငံသား သို့မဟုတ် တရားဝင်အမြဲတမ်းနေထိုင်သူများ မဟုတ်ပါက အမေရိကန်နိုင်ငံ၌ မွေးဖွားသော ကလေးများအား အလိုအလျောက် နိုင်ငံသားအဖြစ် ခံယူခွင့်



မပြုသည့်အမိန့်တစ်ရပ်ကို သမ္မတ ထရမ့်က ဇန်နဝါရီ ၂၀ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

သမ္မတထရမ့်သည် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး တရားရုံးချုပ်မှ အမိန့်စာတစ်စောင်ထုတ်ပြန်ရန် တောင်းခံခဲ့ကြောင်း ဒီမိုကရက်တစ်ဦးဆောင်သော ပြည်နယ် ၂၂ ခု အပါအဝင် ကိုလံဘီယာခရိုင်နှင့် ဆန်ဖရန်စစ္စကိုမြို့တို့က ပြောကြားသည်။

နယူးဂျာစီပြည်နယ် ရှေ့နေချုပ် မတ်သရူး ပလတ်ကင်က အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားသူအားလုံးသည် အမေရိကန်၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ရှိသူများဖြစ်ပြီး အမေရိကန်နိုင်ငံသားများဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဆိုပါဥပဒေဆိုင်ရာ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်နှင့် နောက်ဆက်တွဲ တရားရုံးချုပ်၏ စီရင်ထုံးများကို ကိုးကားပြီး ပြောကြားသည်။

ထို့ပြင် အမေရိကန်သမ္မတများတွင် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ဖက်သတ် ပြန်ရေးနိုင်သည့် အခွင့်အာဏာမရှိကြောင်း မတ်သရူးပလတ်ကင်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်




# ကုလသမဂ္ဂအဖွဲ့အား ဂျူးဆန့်ကျင်ရေးအဖွဲ့အစည်းအဖြစ် အမေရိကန်သံတမန် စွပ်စွဲ

ဝါရှင်တန် ဇန်နဝါရီ ၂၃

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အဆိုပြုထားသည့် အီလစ်စတီဖာနစ်ခ်သည် အစ္စရေး-ပါလက်စတိုင်း နှစ်ပြည်ထောင်ယှဉ်တွဲနေထိုင်မှုဆိုင်ရာ ဖြေရှင်းချက်အပေါ် ရှုတ်ချခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ကို ဂျူးဆန့်ကျင်ရေးအဖွဲ့အစည်းအဖြစ် စွပ်စွဲခဲ့ကြောင်း သိရသည်။

အီလစ်စတီဖာနစ်ခ်သည် ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပသည့် အထက်လွှတ်တော်အစည်းအဝေးတွင် အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

အလေးပေးပြောကြား

ကုလသမဂ္ဂအဖွဲ့အား ဂျူးဆန့်ကျင်သည့်အဖွဲ့အစည်းအဖြစ် အီလစ်စတီဖာနစ်ခ်က အကြိမ်ကြိမ်ရှုတ်ချခဲ့ပြီး ၎င်း၏အစ္စရေးလိုလားသော ရပ်တည်ချက်ကို အလေးပေးပြောကြားခဲ့သည်။

အစ္စရေးသည် အနောက်ဘက်ကမ်းတစ်ခုလုံးအတွက် သမ္မာကျမ်းစာဆိုင်ရာအခွင့်အရေးအရ ပိုင်ဆိုင်ခွင့်ရှိသည်ဟု လက်ယာယိမ်း အစ္စရေးနိုင်ငံရေးသမားများ၏ တောင်းဆိုချက်ကို ထောက်ခံကြောင်း အီလစ်စတီဖာနစ်ခ်က ပြောကြားသည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်တို့ ပါဝင်သော အနာဂတ်ပါလက်စတိုင်းနိုင်ငံနှင့်အတူ ပေါင်းစည်းနေထိုင်မည့် အစ္စရေး-ပါလက်စတိုင်း နှစ်ပြည်ထောင် ယှဉ်တွဲနေထိုင်မှု ဖြေရှင်းချက်နှင့် ပတ်သက်ပြီး အီလစ်စတီဖာနစ်ခ်က သဘောထားကွဲလွဲလျက်ရှိသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရန် သမ္မတဟောင်း ဂျိုးဘိုင်ဒင် အပါအဝင် အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ အများအပြားက ၎င်းအမြင်ကို ဆုပ်ကိုင်လျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့အား ငွေကြေးထောက်ပံ့မှု အများဆုံးပေးသည့် နိုင်ငံဖြစ်သည်။

လက်ရှိတွင် "အမေရိကန်သည်သာ ပထမ" မူဝါဒနှင့်အညီ အမေရိကန်နိုင်ငံနှင့် သဘောထားမတူညီသည့် အဖွဲ့အစည်းအား ငွေကြေးထောက်ပံ့ပေးမှုအပေါ် ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်းလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရာရှထရာပြည်နယ်တွင် ရထား မတော်တဆမှုဖြစ်

နယူးဒေလီ ဇန်နဝါရီ ၂၃

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရာရှထရာပြည်နယ် ဂျာဂွန်ခရိုင်တွင် ယမန်နေ့က ဖြစ်ပွားသည့်ရထားမတော်တဆမှုအတွင်း သေဆုံးသူ ၁၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

လက်ခနောင်းမြို့မှ မွမ်ဘိုင်းမြို့သို့ ဦးတည်ထွက်ခွာလာသည့် အဆိုပါ ရထား၏ တွဲဆိုင်းတစ်ခုတွင် မီးလောင်နေသည်ဟူသည့် အကြောင်းရင်းဖြင့် ခရီးသည်တစ်ဦးက အချက်ပေးသံကြိုးဆွဲသည့် ဖြစ်ရပ်တစ်ခုကြောင့် ခရီးသည်အချို့မှာ ရထားပေါ်မှ



ပြေးဆင်းခဲ့ရာတွင် မျက်နှာချင်းဆိုင်ရထားလမ်းမှ မောင်းနှင်လာသည့် ရထားဖြင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

ယင်းမတော်တဆမှုတွင် ၁၅ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ၎င်းမတော်တဆမှုအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်း မရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

# ၂၀၂၄ ခုနှစ်အတွင်း ဥရောပသမဂ္ဂနိုင်ငံများ၌ လျှပ်စစ်ကားရောင်းချမှုပမာဏ လျော့ကျ

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၃

၂၀၂၄ ခုနှစ်အတွင်း ဥရောပသမဂ္ဂနိုင်ငံများ၌ လျှပ်စစ်ကားရောင်းချမှုပမာဏ လျော့ကျခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပထမဆုံးအကြိမ် စံချိန်တင် ကျဆင်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၁ ရက်တွင် လျှပ်စစ်ကားသစ်များ မှတ်ပုံတင်မှုသည် မော်တော်ယာဉ် အစီးရေ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဥရောပမော်တော်ယာဉ်ထုတ်လုပ်သူများအသင်းက ပြောကြားသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်ကားများကို အခွန်လျှော့ချကောက်ခံသည့် အစီအစဉ်ပြီးဆုံးပြီးနောက် ဂျာမနီနိုင်ငံ၌ လျှပ်စစ်ကားရောင်းချမှုပမာဏသည် ၂၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။ အလားတူ ပြင်သစ်နိုင်ငံ၌ လျှပ်စစ်ကားရောင်းချဝယ်ယူမှု နှစ်ရာခိုင်နှုန်းကျော် ကျဆင်းသွားသည်။

သို့သော် ဥရောပနိုင်ငံများ၌ မော်တော်ယာဉ်သစ်အားလုံး၏ စုစုပေါင်းရောင်းအားမှာ အစီးရေ ၁၀ သန်းကျော်အထိ သုည ဒသမ ၈ ရာခိုင်နှုန်း အနည်းငယ် မြင့်တက်လာခဲ့သည်။ ယင်းသို့ ရောင်းအားမြင့်တက်လာခြင်းမှာ ဟိုက်ဘရစ် (Hybrid) မော်တော်ကားများ ဝယ်ယူမှုများပြားလာခြင်းကြောင့် ၂၁ ရာခိုင်နှုန်းနီးပါး မြင့်တက်သွားခြင်းဖြစ်သည်။

ဓာတ်ဆီသုံးကားများ၏ ရောင်းအားသည် ငါးရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သည်။

လက်ရှိတွင် ဥရောပနိုင်ငံများ၌ လျှပ်စစ်ကားဝယ်လိုအား ကျဆင်းလျက်ရှိပြီး တရုတ်လျှပ်စစ်ကား ထုတ်လုပ်သူများနှင့်လည်း ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိသည်။ ဂျာမနီနိုင်ငံမှ ဖောက်စ်ဝက်ဂွန်ကုမ္ပဏီသည် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရန်အတွက် ၎င်း၏ စက်ရုံအချို့တွင် အလုပ်အကိုင်နှင့် လုပ်ငန်းကုန်ကျစရိတ်ကို ဖြတ်တောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။




ဥရောပသမဂ္ဂသည် ယခုလအတွင်း မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ပံ့ပိုးပေးမည့်အစီအမံသစ်များနှင့် ပတ်သက်၍ ဆွေးနွေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ဝန်ခုတ်ကျေးရွာ၌ ယာဉ်ကိုးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၃၄ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၄၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

လာသည့် Hiject ယာဉ်ကိုးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀၀) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်ခုနစ်စီးနှင့် ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့သစ်မြို့နယ်၌ တရားမဝင် မီးသွေး ၂ ဒသမ ၂၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၅၆၄၀၀၀) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၈၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်- မန္တလေး အဆန်ရထား၊ ပါဆယ်(၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၈၉၅၉၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၈၅၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်- မန္တလေးအမြန်လမ်း တံခွန်တိုင်အပိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၂၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၉၇၇၅၉၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ၅၄၇၅၆၁၁၉၆ ကျပ်)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၆၀၉၁၁၁၉၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃မှု (ခန့်မှန်းတန်ဖိုးငွေ ၁၂၃၈၁၃၂၇၈၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့်အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်နေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ ကျေးရွာများနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်းမရှိဘဲ အကြမ်းဖက် သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်ကို အလုံးစုံ ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အဆိုပါသတင်းသည် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည့် သတင်းအမှားသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ စာပဒေသာ...ဝေဆာစေမည်
- ၀၉:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုပြ အစီအစဉ် 'မဟာဆန်တဲ့ယဉ်ကျေးမှုအမွေ...ကချင်ရိုးရာငွေပန်းထိမ်'
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'ရတနာပုံ'** (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အလင်းဖမ်းသူများ'** (အပိုင်း-၇)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၇:၀၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုပြ အစီအစဉ် 'ရေခဲတောင်ကြီးများရှိရာဆီ'
- ၁၇:၂၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုပြတေး
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'ရတနာပုံ'** (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'သံစဉ်ချိုမြ ရာမညအလှ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 The Mandolinist
- 07:37 Myanmar Masterclass: Artist Shwe Yoe Yar
- 07:48 Empowering Myanmar's MSMEs: Success Story in Fish Farming Business Development
- 08:01 News
- 08:26 Asia Updates; Homeland of rivers
- 08:32 Nature's Progeny Town: December Garden
- 09:01 Listening Pleasure, Instrumental Music (Myanmar Harp) Mingalar Su Taung
- 09:13 Swiftlet Birds (Aerodramus Fuciphagus) (Part-II)
- 09:37 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
- 09:51 Myanmar Childhood Games (Episode-1)
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တားချင်စပွယ်ကချင်ဆာဖြယ်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက် (အပိုင်း-၁)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသော ဖိနပ်လေးများ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
မိတ္တီလာကန်သို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အနှစ်နာခံသူရဲ့နှလုံးသား

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ခေတ်သစ်ရှမ်း၊တိုင်းလုံ၊မောရှမ်း၊ဝုံရှမ်း၊တိုင်းနေတို့၏ ဝတ်စားဆင်ယင်မှုများ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကိုးကန့်အစားအစာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် 'သံစဉ်ချိုမြရာမညအလှ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာကျဲမြေကမ္ဘာ
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကွက်လပ်ဖြည့်ပါ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၀ သင်္ဘောစိုက်ပျိုးနည်းနှင့်သင်္ဘောသီး ချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Breathtaking Backyard Gardening Harvest, You Have to See it to Believe it!
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ဆံပင်အတုနဲ့မေခင်ဂျူပု (ဇာတ်လမ်း)
- ၂၂:၀၀ The Dirge Singer (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၀၇:၄၀ Soccer View
- ၁၅:၀၀ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Mahar United FC Vs ISPE FC)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။



**လမ်းညွှန်မှာကြားခဲ့**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူး–သနပ်ပင်–ခရမ်း–သန်လျင်လမ်းပေါ်ရှိ ရစ်ဝတံတား တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွက် ဒေသထွက်ကုန်များ တင်ပို့ခြင်းအတွက် အရေးပါသည့် လမ်းမကြီးတစ်ခုဖြစ်၍ လမ်းအရည်အသွေးကောင်းမွန်ခြင်းနှင့် တံတားများ၏ အရည်အသွေးများ ကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် တံတားကမ်းကပ်ခုံများ ရေတိုက်စားမှုဒဏ်ကာကွယ်ရေးစနစ်များ ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ဝင်း၏ အသားစားကြက်ကောင်ရေ ၆၀၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုနှင့် ကဝမြို့နယ် ဖွဲ့ဘာကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြကွက်ဧက ၅၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသခံတောင်သူများအတွက် အသီးအပွင့်အားဆေးများ ပေးအပ်ခဲ့သည်။ ယင်းနောက် ကဝမြို့နယ်အတွင်း ရေဝင်ရောက်မှုလျော့နည်းသက်သာစေရေး ဘုမ္မစိုးရေထုတ်မြောင်းတူးဖော်ပေးနိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ် ကျားတက်ကျေးရွာရှိ လုပ်ငန်းရှင် ဒေါ်သန်းသန်းဖြူ၏ ရိုးရာရက်ကန်းလုပ်ငန်း၌ အမျိုးသမီးလုံချည်နှင့် တိုင်းရင်းသားရိုးရာအထည်များ ရက်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး အထည်ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် ကိုယ်ပိုင်တံဆိပ်ဖြင့် ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရရှိနိုင်ရေး၊ ရက်ကန်းနည်းပညာသစ်များရရှိနိုင်ရေးနှင့် ကျေးရွာအတွင်းရှိ ရက်ကန်းလုပ်ငန်းများအား အစုအဖွဲ့ ဖွဲ့စည်း၍ ချေးငွေရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဇင်းကျိုက်ကုန်ထုတ်စခန်းမှ သစ်ခိုးထုတ်ပြီး အကျဉ်းသားများအား သစ်ခိုးထုတ်လုပ်ငန်းများတွင် ခိုင်းစေနေကြောင်း မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့

နေပြည်တော် ဇန်နဝါရီ ၂၃

ဇင်းကျိုက်ကုန်ထုတ်စခန်းမှ သစ်များခိုးထုတ်နေပြီး သစ်ခိုးထုတ်သည့် လုပ်ငန်းများတွင် အကျဉ်းသားများအား ခိုင်းစေနေကြောင်း ပေါင်မြို့နယ်အခြေစိုက် သစ်လုပ်ငန်းရှင်များနှင့် နီးစပ်သူများက ပြောဆိုသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

**အကူအညီပေးထားရှိခဲ့ခြင်းဖြစ်**

ဖြစ်စဉ်အမှန်မှာ ဇင်းကျိုက်မြို့မှ ရွှေဒဂ်ုံးဘုန်းကြီးကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် သစ်လာရောက်ပို့ဆောင်သောကားသည် ကျောင်းအဝင် မုခ်ပေါက်ဝနှင့် မလွတ်ဖြစ်နေပြီး သစ်တင်ဆောင်လာသောကားမှာလည်း ပြန်လွတ်ရမည်ဖြစ်ကာ အနီးအနားနေရာ၌ သစ်ပုံရန်နေရာ ကျဉ်းမြောင်းသည့်အတွက် အကူအညီပေး၍ အကျဉ်းစခန်းဝင်းအတွင်း ခေတ္တခဏချထားခွင့်ပြုရန်နှင့် ရက်မကြာမီ ကားငယ်ဖြင့် ဘုန်းကြီးကျောင်းသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ကြောင်း ရွှေဒဂုံးကျောင်းဆရာတော်၏ မိန့်ကြားမှုအရ အကူအညီပေးထားရှိခဲ့ခြင်းဖြစ်ကြောင်း။

ရွှေဒဂုံးကျောင်း ဆရာတော်သည် ဇင်းကျိုက်မြို့ သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဖြစ်ပြီး ယခင်ကတည်းက ဒေသရပ်ရွာ ဆရာဒကာဘုန်းကြီးအနေဖြင့် ဆက်ဆံမှုရှိခဲ့ကာ ဆရာတော်နှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် အခြားတစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်မှုမရှိဘဲ သဘောရိုးဖြင့် ကူညီထားရှိပေးခဲ့ခြင်းသာဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းဆောက်လုပ်မည့်သစ်များကို ဇန်နဝါရီ ၁၉ ရက်က ရွှေဒဂုံးဘုန်းကြီးကျောင်းသို့ ပြန်လည်သယ်ဆောင်ပြီးဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန်၊ အကျဉ်းဦးစီးဌာန၏ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**




## "ပွဲညရဲ့ဇာတ်ခုံ" ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ပြီး "ပွဲညရဲ့ဇာတ်ခုံ" အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ ဇန်နဝါရီ ၂၅ ရက် စနေနေ့မှစ၍ အပတ်စဉ် ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

ဇာတ်သဘင်ကဏ္ဍမျိုးစုံကို ခံစားကြည့်ရှုနိုင်မည့် "ပွဲညရဲ့ဇာတ်ခုံ" အစီအစဉ်ကို မောင်ပြည့်ဝ(ပန်းဝေသီ)က ရိုက်ကူးတင်ဆက်ထားပြီး အပိုင်း(၁)တွင် ဝမ်းဝမ်းဖိုက်၊ နတ်လူထိပ်ပံ၊ အပျိုတော်ကြီး ယိမ်းအက၊ မန်းပန်တျာ မင်းသားချစ်စွမ်းသာ၏ တစ်ခေတ်ဆန်းလာတဲ့ ချစ်စွမ်းသာအဆို၊ အက၊ အလှများ၊ ရတနာမင်း ကျောက်ဆည်ဆင်အကနှင့် စွမ်းရည်ပြသမှုများကို မင်းသား ချစ်စွမ်းသာနှင့်အဖွဲ့၊ မင်းသမီးများဖြစ်ကြသည့် စိုပြေမြတ်ဦး၊ ခိုင်မီမီ၊ သီရိမေ၊ ဇင်ဇင်၊ လူရွှင်တော်များဖြစ်ကြသည့် ချက်ကြီး၊ ဖိုးသဲ၊ ငွေခဲ၊ စံလင်း၊ အေးချမ်းနှင့် သဘင်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ဇန်နဝါရီ ၂၅ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App မှလည်း Streaming တစ်ချိန်တည်း ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မိုးညှင်း | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၃၉၅၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၀၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

# ဆိုရှယ်မီဒီယာပလက်ဖောင်းဆိုင်ရာ မလေးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် မူဝါဒကိုလေ့လာခြင်း

ဇေလက်ျာ

## ထိပ်တန်း စီအီးအိုများ၏ ကြားနာပွဲ

၂၀၂၄ ခုနှစ်ကို နှုတ်ဆက်၍ ၂၀၂၅ ခုနှစ်သို့ ရောက်ခဲ့ပြီ။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိတ်ဝင်စားဖွယ်ရာ သတင်းအဖြစ်အပျက်များစွာရှိခဲ့သည့်အနက် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများနှင့် စပ်လျဉ်းသည့် သတင်းအဖြစ်အပျက်များကလည်း စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်။ ယင်းသတင်းအဖြစ်အပျက်များထဲမှ တစ်ခုအဖြစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမေရိကန်အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ ကြားနာပွဲသတင်းက ကမ္ဘာ့သတင်းမီဒီယာများတွင် နေရာယူမြင်တွေ့ခဲ့ရသည်။

ယင်းကြားနာပွဲတွင် ကမ္ဘာ့လူသုံးအများဆုံး ဆိုရှယ်မီဒီယာပလက်ဖောင်းများမှ စီအီးအိုများကိုယ်တိုင် ကလေးသူငယ်များ၏ အွန်လိုင်းဘေးကင်းလုံခြုံရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး သက်သေထွက်ဆိုခဲ့ကြရသည်။ အွန်လိုင်းမှ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်းနှင့်စပ်လျဉ်း၍ Facebook, Instagram, Threads နှင့် WhatsApp တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta ၏ CEO Mark Zuckerberg အပါအဝင် Discord၊ Snap၊ TikTok နှင့် X (ယခင် Twitter)စသည့် ဒစ်ဂျစ်တယ်ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ ဝန်ဆောင်မှုပေးသည့် နည်းပညာကုမ္ပဏီကြီးများမှ CEO များ တစုတစည်းတည်း အမေရိကန်ကွန်ဂရက်လွှတ်တော်ရှေ့တွင် ပထမဦးဆုံးအကြိမ် ကြားနာစစ်ဆေးခဲ့ခြင်းလည်း ဖြစ်သည်။

အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ၏ ကြားနာစစ်ဆေးမှုအတွင်း အထက်လွှတ်တော်အမတ်များက အဆိုပါဆိုရှယ်မီဒီယာပလက်ဖောင်းများသည် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုများအား အွန်လိုင်းတွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေရေး အထောက်အကူပြုလျက်ရှိနေကြောင်း၊ ယင်းတို့၏ Algorithm အသုံးပြုသည့် Content ဦးစားပေးဖော်ပြမှုနှင့် ကြော်ငြာထည့်သွင်းမှု ပုံစံများအပါအဝင် စီးပွားရှာသည့် ပုံသဏ္ဌာန်များသည် အလွန်အကျူးစွဲလမ်းစေသည့် Addictive features များ၊ သေကြောင်းကြံစည်ခြင်းနှင့် နေထိုင်စားသောက်မှု မူမမှန်ခြင်း (Suicide and eating disorders) များ၊ လက်တွေ့မကျသော အလှတရားစံနှုန်းများ (Unrealistic beauty standards) နှင့် ဆိုက်ဘာအနိုင်ကျင့်မှု (Cyber Bullying) များစသည့်မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများကို အသက်မပြည့်သေးသည့် ကလေးသူငယ်များအပါအဝင် အသုံးပြုသူ လူငယ်များက ထိခိုက်ခံစားရစေလျက်ရှိကြောင်းနှင့် ယင်းအပေါ်တွင် ဆိုရှယ်မီဒီယာပလက်ဖောင်းကုမ္ပဏီများက အသုံးပြုသူများအား ထိထိရောက်ရောက် အကာအကွယ်ပေးသည့် အစီအမံများမရှိဘဲ ငွေရှာဖို့သက်သက်သာ လုပ်ဆောင်လျက်ရှိကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။ ယင်းကြားနာပွဲသို့ လွှတ်တော်အမတ်များ၊ မီဒီယာများနှင့်အတူ ထိခိုက်ခံစားခဲ့ရသည့် (အချို့အသက်သေဆုံးခဲ့ရသည့်) ကလေးများ၏မိဘများကိုယ်တိုင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

ကြားနာမှုအတွင်း Meta CEO Mark Zuckerberg နှင့် အခြား CEO များသည် အသက်မပြည့်သေးသည့် ကလေးငယ်များ ခေါင်းပုံဖြတ်အသုံးချခံရခြင်းနှင့် အန္တရာယ်ရှိသည့် ရေးသားဖော်ပြချက်များမှ ကာကွယ်ပေးရန် ၎င်းတို့ကုမ္ပဏီများ၏ အစီအမံနှင့် အားထုတ်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြင်းထန်သည့် မေးခွန်းများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်တွင် ဖော်ပြချက်များကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ကလေးများ၏ အတွေ့အကြုံများကို သက်ဆိုင်ရာ ကလေးငယ်များနှင့် မိဘများထံမှ မှတ်တမ်းတင်ထားသော သက်သေခံချက်ဖြင့် စတင်ကြားနာခဲ့ပြီး အဆိုပါကိစ္စရပ်များ၏ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုကို မီးမောင်းထိုးပြခဲ့သည်။

အွန်လိုင်းစွဲလမ်းမှုကြောင့် ပညာရေးထိခိုက်မှုမှသည် မိမိကိုယ်ကို သေကြောင်းကြံစည်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ခဲ့ရသည့် ကလေးများ၏ ထိခိုက်နစ်နာမှုများအတွက် ဆိုရှယ်မီဒီယာပလက်ဖောင်းပိုင်ရှင် ဘီလျံနာများထံမှ လုံလောက်သည့် စာနာမှုကို ရှာဖွေနိုင်ရန်ကြိုးပမ်းမှုကို ၂၀၂၄ ခုနှစ် ကန့်လန့်ကာအဖွင့်မှာ မြင်တွေ့ခဲ့ရခြင်းပင်ဖြစ်သည်။

## ကျင့်ဝတ်မဲ့စီးပွားရေးကို ဥပဒေနှင့်ထိန်းကျောင်းရန်လိုအပ်

၂၁ ရာစု၏ ထုတ်ကုန်တစ်ခုဖြစ်သည့် ဉာဏ်ရည်တု(AI)နည်းပညာများနှင့် ပေါင်းစပ်ခဲ့ပြီးနောက်တွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများသည် ပိုမိုကြီးမားပြင်းထန်လာခဲ့သည်။ Deep Fake နည်းပညာကို အလွယ်တကူ လက်လှမ်းမီအသုံးပြုလာနိုင်မှုများကြောင့် သတင်းတု၊ သတင်းမှားနှင့် လုပ်ကြံဖန်တီးထားသည့် သတင်းများဖြန့်ဝေမှု၊ အမုန်းစကားဖြန့်ဝေမှုများမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း မလိုလားအပ်သည့် ထိခိုက်နစ်နာစေမှုများ (Negative Externalities)ပိုတိုးလာစေခဲ့သည်။



မလေးရှားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Fahmi Fadzil ဆိုရှယ်မီဒီယာပလက်ဖောင်းများအပါအဝင် နည်းပညာကုမ္ပဏီကြီးများအနေဖြင့် မလေးရှားနိုင်ငံ ဥပဒေများကို လိုက်နာရန်လိုကြောင်း ပြောကြားစဉ်။

ဆိုရှယ်မီဒီယာ ပလက်ဖောင်းများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အထောက်အကူပြုသည့် ကိရိယာများအဖြစ် တွင်တွင်ပြောဆိုလျက်ရှိသော်လည်း တစ်ဖက်တွင် ကျင့်ဝတ်မဲ့စွာ စီးပွားရှာသည့် စားကျက်ကြီးတစ်ခုအဖြစ် မြင်တွေ့လာရသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းပိုင်ရှင်များက နေ့ချင်းညချင်း ဘီလျံနာများအဖြစ် ကြီးပွားလာသည့် အခြားတစ်ဖက်တွင် အကြမ်းဖက်သမားများနှင့် မသမာသူများက ဆိုရှယ်မီဒီယာပလက်ဖောင်းများကို ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေးလိုဘများအတွက် တလွဲအသုံးချလျက်ရှိသည့် အခြေအနေများကို တားဆီးဟန့်တားရန် ပျက်ကွက်ခဲ့သည်။

ယင်းကြောင့်ပင် ကမ္ဘာ့နိုင်ငံဒေသအသီးသီးတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ အပြုသဘောမဆောင်သည့် အကျိုးဆက်များမှ ရုန်းထွက်နိုင်ရေး အထူးသဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်လွယ်သည့် အုပ်စုဝင်များအတွက် ဆိုရှယ်မီဒီယာအသုံးပြုမှု ဘေးကင်းလုံခြုံရေးကို သက်ဆိုင်ရာနိုင်ငံအလိုက် ဥပဒေပြုသူများနှင့် တာဝန်ရှိသူများက အလေးပေးလုပ်ဆောင်လာခဲ့ကြသည်။ မလေးရှားနိုင်ငံတွင်လည်း ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ ဝန်ဆောင်မှုများအား နိုင်ငံတွင်းလိုအပ်ချက်များနှင့် အညီဖြစ်စေရေးအတွက် အင်တာနက်အသုံးပြုသူများထံမှ စစ်တမ်းကောက်ယူရရှိမှုများအပေါ် အခြေခံ၍ လိုအပ်သည့် စည်းမျဉ်းဥပဒေများကို မလေးရှားဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာ ကော်မရှင် (MCMC) က ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

## မလေးရှားနိုင်ငံ၏ ဆိုရှယ်မီဒီယာပလက်ဖောင်းများ လိုင်စင်လျှောက်ထားခြင်းဆိုင်ရာမူဘောင်

မလေးရှားနိုင်ငံတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် အင်တာနက်စာတိုပေးပို့ဝန်ဆောင်မှု ဆောင်ရွက်သည့် အက်ပလီကေးရှင်းများ၏ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ မူဘောင် (the licensing framework for internet messaging services and social media services) ကို MCMC က ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အများပြည်သူထံသို့ စတင်မိတ်ဆက်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥပဒေစတင်အသက်ဝင်စေခဲ့ပြီးဖြစ်သည်။

မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ(CMA) (1998) အရ ရေးဆွဲပေါ်ပေါက်လာသည့် အဆိုပါမူဘောင်သစ်အရ မလေးရှားနိုင်ငံတွင် အသုံးပြုသူ ရှစ်သန်းနှင့်အထက်ရှိသော အင်တာနက်စာတိုပေးပို့ခြင်းဝန်ဆောင်မှုများနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုပေးသူများသည် အက်ပလီကေးရှင်းဝန်ဆောင်မှုပေးသူ အတန်းအစားလိုင်စင် (ASP(C) Licence)ကို ရရှိထားရမည်ဖြစ်သည်။

လျှောက်ထားရာတွင် ၂၀၂၂ ခုနှစ်တွင် မိတ်ဆက်ခဲ့သည့် cloud လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်ကဲ့သို့ပင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရန်ဖြစ်ပြီး ဆန်းသစ်တီထွင်မှုများကို မထိခိုက်စေရေး လျှောက်ထားမှုလွယ်ကူစေရန် MCMC က မူဝါဒချမှတ်ထားသည်။ ASP(C) License ၏သက်တမ်းမှာ တစ်နှစ်သတ်မှတ်ထားပြီး လိုင်စင်ကြေးကို မလေးရှားရင်းဂစ် ၂၅၀၀ သတ်မှတ်ထားသည်။ လိုင်စင်ရယူခြင်းမရှိဘဲ ဝန်ဆောင်မှုပေးသူများသည် ဒဏ်ငွေမလေးရှားရင်းဂစ် ၅၀၀၀၀၀ အထိနှင့် သို့မဟုတ် ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ခံရနိုင်သည်။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပြစ်မှုဆက်လက်ကျူးလွန်သည့်နေ့ တစ်ရက်တိုင်းအတွက် ရင်းဂစ် ၁၀၀၀ စီ ဒဏ်ငွေကိုလည်း ချမှတ်နိုင်သည်။ လိုင်စင်လိုအပ်ချက်ကို လိုက်နာရန်ပျက်ကွက်သော အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုတွင် ဒါရိုက်တာများ၊ အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်များသည်လည်း တာဝန်ရှိသည်ဟု မှတ်ယူနိုင်ကြောင်း ဖော်ပြထားသည်။

ဆိုရှယ်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုပေးသူများအနေဖြင့် ASP(C) လိုင်စင်လျှောက်ထားရန်အတွက် ကူးပြောင်းချိန်ကာလ ငါးလ(၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ) သတ်မှတ်ခဲ့ပြီး **စာမျက်နှာ ၁၇ သို့** ❂



၃၁-၁-၂၀၂၄ ရက်နေ့က ဝါရှင်တန်ရှိ Capitol Hill တွင် အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ၏ အွန်လိုင်း ကလေးဘေးကင်းရေးကော်မတီ ကြားနာပွဲအတွင်း တက်ရောက်သူများက ဆိုရှယ်မီဒီယာကြောင့် ထိခိုက်ခဲ့ရသူများ၏ဓာတ်ပုံများကို ကိုင်ဆောင်ထားစဉ်။ ဓာတ်ပုံ- အေပီ

**❛ ဆိုရှယ်မီဒီယာပလက်ဖောင်းများအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အထောက်အကူပြုသည့် ကိရိယာများအဖြစ် တွင်တွင်ပြောဆိုလျက်ရှိသော်လည်း တစ်ဖက်တွင် ကျင့်ဝတ်မဲ့စွာ စီးပွားရှာသည့် စားကျက်ကြီးတစ်ခုအဖြစ် မြင်တွေ့လာရသည်။ ဆိုရှယ်မီဒီယာပလက်ဖောင်းပိုင်ရှင်များက နေ့ချင်းညချင်း ဘီလျံနာများအဖြစ် ကြီးပွားလာသည့် အခြားတစ်ဖက်တွင် အကြမ်းဖက်သမားများနှင့် မသမာသူများက ဆိုရှယ်မီဒီယာပလက်ဖောင်းများကို ၎င်းတို့၏ နိုင်ငံရေး စီးပွားရေးလိုဘများအတွက် တလွဲအသုံးချလျက်ရှိသည့်အခြေအနေများကို တားဆီးဟန့်တားရန် ပျက်ကွက်ခဲ့ ❜**

# WCC အဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန် စက်မှုဇုန်စီမံခန့်ခွဲရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများနှင့်သင်တန်းသား WCC အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာဒုတိယဝန်ကြီးက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို အလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်လုပ်ကိုင်မှု အခြေအနေ၊ စည်းကမ်းချက်များ ဆွေးနွေးညှိနှိုင်းရန်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းတွင် ဦးစီးဌာနအလိုက် စည်းကြပ်သည့် ဥပဒေများကို တာဝန်ခံအရာရှိများက ပို့ချပေးမည့်အပြင် ခုံသမာဓိကောင်စီဝင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များက အငြင်းပွားမှု ဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးပို့ချပေးမည်ဖြစ်၍ WCC အဖွဲ့ဝင်သင်တန်းသားများ အလေးထားမှတ်သားရန်နှင့် WCC အဖွဲ့ဝင်များ စွမ်းဆောင်ရည် ပြည့်ဝမှသာ အလုပ်ရှင်၊ အလုပ်သမားများ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောလုပ်ငန်းခွင်ဆက်ဆံရေး တည်ဆောက်နိုင်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာ၍ ကုန်ထုတ်စွမ်းအား တိုးတက်စေမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ် အိမ်ရာရှိ မြန်မာမော်တာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်တွင် မော်တော်ယာဉ် စက်ပြင်ကျွမ်းကျင်မှုအဆင့်(၁) အလုပ်အကိုင်အတွက် ဖြေဆိုသူ ၂၀ အား ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်နေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ်မှ ယနေ့ထိ အလုပ်အကိုင် ၅၃ မျိုးအတွက် ဖြေဆိုသူ ၃၀၀၀၀ ကျော်ကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အစိုးရ၊ ပုဂ္ဂလိက သင်တန်းကျောင်းများ ပူးပေါင်း၍ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ကျွမ်းကျင်လုပ်သားများ တိုးမြှင့်မွေးထုတ်နိုင်ရန် အသိအမှတ်ပြု လုပ်ငန်းစဉ်များကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၁၆ မှ

ယင်းကာလအတွင်း ဝန်ဆောင်မှုပေးသူများအနေဖြင့် ဆိုက်ဘာအနိုင်ကျင့်မှု၊ အွန်လိုင်းလိမ်လည်မှုများ၊ လောင်းကစားနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကဲ့သို့သော အွန်လိုင်းအန္တရာယ်များကို ၎င်းတို့၏ပလက်ဖောင်းအသီးသီးမှ လျှော့ချနိုင်ရေး အားထုတ်မှုများလုပ်ဆောင်ရန် MCMC က တိုက်တွန်းခဲ့သည်။

## မူဝါဒအသစ်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံက ၂၀၂၅ ခုနှစ်တွင် စတင်ပြောင်းလဲကျင့်သုံးမည့် မူဘောင်အသစ်နှင့်စပ်လျဉ်း၍ ထုံးစံအတိုင်း အချို့သောစိုးရိမ်မှုများနှင့် ဝေဖန်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့သည်။ အထူးသဖြင့် Article 19 ကဲ့သို့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသည့် အဖွဲ့အစည်းများနှင့် Facebook ၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta ဘက်မှ တာဝန်ရှိသူများက ၎င်းမူဘောင်အသစ်မှာ မလေးရှားနိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် အစိုးရက ဥပဒေများကို အသုံးပြုလာခြင်းပေလောဟု မေးခွန်းထုတ်ခဲ့ကြပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့ကြသည်။

သို့ရာတွင် ယင်းသို့ လိုင်စင်မူဘောင်သတ်မှတ်ချက်သည် ဆိုရှယ်မီဒီယာအသုံးပြုသူများကို အကာအကွယ်ပေးရန်အတွက် အစိုးရ၏ကြီးမားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း Kota Melaka မြို့တော်၏ လွှတ်တော်အမတ် Khoo Poay Tiong ကပြောကြားခဲ့ပြီး မလေးရှားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Fahmi Fadzil ကလည်း ယခုမူဘောင်အသစ်သည် ဆိုရှယ်မီဒီယာအသုံးပြုသူများအတွက် ရည်ရွယ်ထားခြင်းမရှိဘဲ မလေးရှားနိုင်ငံအတွင်း ကြော်ငြာဝင်ငွေများရယူခြင်းဖြင့် စီးပွားရေးအရ ဆောင်ရွက်လျက်ရှိသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများအတွက်သာ ရည်ရွယ်ခြင်းဖြစ်သဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေခြင်းမရှိကြောင်း ပြောကြားထားသည်။

ယင်းသို့ ဆောင်ရွက်မှုသည် ပိုမိုလုံခြုံသော အွန်လိုင်းဂေဟစနစ် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အထူးသဖြင့် ကလေးများနှင့် မိသားစုများအတွက် ဆိုရှယ်မီဒီယာအသုံးပြုရာတွင် ပိုမိုကောင်းမွန်သော အတွေ့အကြုံကို ရရှိစေမည်ဖြစ်ကြောင်း MCMC က တုံ့ပြန်ခဲ့သည်။

## လိုင်စင်လျှောက်ထားရန် ဆောင်ရွက်မှု

မလေးရှားနိုင်ငံတွင် အင်တာနက်နှင့် ဆိုရှယ်မီဒီယာအသုံးပြုမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး www.statista.com ၏ ၂၀၂၄ ခုနှစ်က ထုတ်ပြန်သည့် စာရင်းအင်းများတွင် Facebook သည် မလေးရှားနိုင်ငံတွင် သုံးစွဲသူ ၂၂ ဒသမ ၃၅ သန်းရှိ၍ စုစုပေါင်းလူဦးရေ၏ ၆၄ ဒသမ ၈ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည်။







နိုင်ငံရေးသတင်းများအပါအဝင် သတင်းအချက်အလက်အများစုကို မလေးရှားနိုင်ငံသားများက Facebook မှတစ်ဆင့် ရရှိနေခြင်းဖြစ်သည်။ လက်ရှိထုတ်ပြန်သည့် ဆိုရှယ်မီဒီယာပလက်ဖောင်း လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်သတ်မှတ်ချက်အရ မလေးရှားနိုင်ငံတွင် လိုင်စင်လျှောက်ထားရန် သတ်မှတ်ချက်အကျုံးဝင်သည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများမှာ Facebook၊ Instagram၊ WhatsApp၊ Telegram၊ WeChat နှင့် TikTok အပါအဝင် ရှစ်ခုထက်မနည်းရှိနေကြောင်း သိရသည်။

လက်ရှိအချိန်အထိ Tencent ၏ WeChat၊ ByteDance ၏ TikTok သည် ဤစည်းမျဉ်းအသစ်အရ လုပ်ငန်းလည်ပတ်ရန် လိုင်စင်များလျှောက်ထားရယူထားပြီးဖြစ်ပြီး Telegram ကိုလည်း MCMC က ဇန်နဝါရီလ ၂ ရက်နေ့က လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် Facebook၊ Instagram နှင့် WhatsApp တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta အနေဖြင့် ယင်း၏ လူမှုကွန်ရက်မီဒီယာပလက်ဖောင်းများအတွက် လိုင်စင်လျှောက်ထားသည့် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း MCMC ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

သို့ရာတွင် X (ယခင် Twitter)အနေဖြင့်မူ လိုင်စင်ထုတ်ပေးသည့် မူဘောင်ပါ သတ်မှတ်ချက်တစ်ခုဖြစ်သည့် မလေးရှားနိုင်ငံတွင် အသုံးပြုသူအရေအတွက် ရှစ်သန်းမရှိဟုဆိုကာ လျှောက်ထားခြင်း မပြုသေးကြောင်း သိရသည်။ အလားတူ YouTube ၏ မိခင်ကုမ္ပဏီ Google ကလည်း ၎င်း၏ ဗီဒီယိုမျှဝေခြင်းဆိုင်ရာ ဝန်ဆောင်မှုများသည် စာတိုပေးပို့သည့် အက်ပလီကေးရှင်းများနှင့် သဘာဝကွဲပြားသဖြင့် ဥပဒေပါ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများအားဖော်ပြပြီး လိုင်စင်လျှောက်ထားခြင်းကိစ္စကို ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရှိရသည်။ တစ်ဖက်တွင် လိုင်စင်လျှောက်ထားခြင်းမရှိသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စာတိုပေးပို့မှု အက်ပလီကေးရှင်းများအနေဖြင့် ဥပဒေအရ စိစစ်အရေးယူမှုကို ရင်ဆိုင်ရနိုင်ဖွယ်ရှိနေသည်။

ထို့အပြင် ၂၀၂၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံအနေဖြင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စာတိုပေးပို့မှု အက်ပလီကေးရှင်းများအား မူဝါဒကြီးကြပ်သည့် မူဘောင်တစ်ရပ်ကို စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် နှီးဆော်ဆောင်ရွက်မှုများကိုလည်း တွေ့ရှိလာရသည်။

## စောင့်ကြည့်ရမည့် အခြေအနေ

၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်အသုံးပြုသူ ၅ ဒသမ ၅၂ ဘီလီယံရှိပြီး ယင်းပမာဏသည် ကမ္ဘာ့လူဦးရေ၏ ၆၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ယင်းအနက်မှ စုစုပေါင်း၏ ၅ ဒသမ ၂၂ ဘီလီယံ သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းသည် ဆိုရှယ်မီဒီယာအသုံးပြုသူများဖြစ်သည်။ လက်ရှိတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် လူမှုအသိုက်အဝန်းကို အကျိုးပြုသည့် သာမန်ဆက်သွယ်ရေးကွန်ရက်နှင့် သတင်းအချက်အလက် ဖြန့်ချိရာနေရာတစ်ခုမျှသာမဟုတ်ဘဲ အခွန်ဘဏ္ဍာစည်းကြပ်မှုလျှော့ရဲစွာဖြင့် ကြော်ငြာခများ နိုင်ငံတွင်းမှ စီးထွက်ရာ၊ အစွန်းရောက် အကြမ်းဖက်အယူအဆများ ပေါက်ဖွားရာ၊ သတင်းတုသတင်းမှားနှင့် အမုန်းစကားတို့၏ မြစ်ဖျားခံရာ၊ အွန်လိုင်းလိမ်လည်မှုများ အလွယ်တကူဆောင်ရွက်ရာ နေရာများအဖြစ် လူမှုအသိုက်အဝန်းအတွက် မလိုလားအပ်သည့် အကျိုးဆက်များနှင့် အန္တရာယ်များကို ဆောင်ကြဉ်းလာလျက်ရှိနေပြီဖြစ်သည်။

ယင်းမလိုလားအပ်သည့် လူမှုဒုက္ခများကို လျှော့ချနိုင်စေရေး နိုင်ငံနှင့် ဒေသအဖွဲ့အစည်းအသီးသီးက လိုအပ်သည့်ဥပဒေများထုတ်ပြန်၍ ပြန်လည်ထိန်းကျောင်းလျက်ရှိရာ ၂၀၂၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ တုံ့ပြန်ဆောင်ရွက်ချက်များအား ဆက်လက်စောင့်ကြည့်ရမည့် အခြေအနေဖြစ်ပါသည်။

**ကိုးကား-**

https://www.demandsage.com/social-media-users/
https://apnews.com/article/meta-tiktok-snap-discord-zuckerberg-testify-senate-00754a6bea92aaad62585ed55f219932
https://insightplus.bakermckenzie.com/bm/technology-media-telecommunications_ 1/malaysia-licensing-of-social-media-and-internet-messaging-service-providers-from-1-january-2025-onwards
https://www.dataguidance.com/news/malaysia-mcmc-unveils-new-regulatory-framework-social
https://www.statista.com/statistics/617136/digital-population-worldwide/

> ❋ **မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ(CMA) (1998)အရ ရေးဆွဲပေါ်ပေါက်လာသည့် အဆိုပါမူဘောင်သစ်အရ မလေးရှားနိုင်ငံတွင် အသုံးပြုသူ ရှစ်သန်းနှင့်အထက်ရှိသော အင်တာနက်စာတိုပေးပို့ခြင်း ဝန်ဆောင်မှုများနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုပေးသူများသည် အက်ပလီကေးရှင်းဝန်ဆောင်မှုပေးသူ အတန်းအစားလိုင်စင် (ASP(C) Licence)ကို ရရှိထားရမည်**
>
> ❋ **ASP(C) License ၏သက်တမ်းမှာ တစ်နှစ်သတ်မှတ်ထားပြီး လိုင်စင်ကြေးကို မလေးရှားရင်းဂစ် ၂၅၀၀ သတ်မှတ်ထားသည်။ လိုင်စင်ရယူခြင်းမရှိဘဲ ဝန်ဆောင်မှုပေးသူများသည် ဒဏ်ငွေ မလေးရှားရင်းဂစ် ၅၀၀၀၀၀ အထိနှင့် သို့မဟုတ် ထောင်ဒဏ် ၄ါးနှစ်အထိ ချမှတ်ခံရနိုင်**

# လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် တောင်ကွဲစေတီတော်မြတ် ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၂၃**

အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်၏ အဆောက်အအုံများ ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တက္ကသိုလ် အမြန်ဆုံးပြုပြင်ဖွင့်လှစ်နိုင်ရန် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းအင်အား၊ စက်ယန္တရားများ အသုံးပြု၍ တက္ကသိုလ်ပရိဝုဏ်အတွင်း လမ်းဝဲယာနှင့် အဆောင်များပတ်ဝန်းကျင် ချုံနွယ်သစ်ပင်များနှင့် အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍သီရိမင်္ဂလာ တောင်ကွဲစေတီတော်မြတ်နှင့် အရံစေတီတော်များအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မှု၊ ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တောင်ကွဲစေတီတော်




ဓမ္မာရုံအသစ် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၃ ခုနှစ်အောင်ချက်ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်မည်ဆိုလျှင် ၂၀၂၄ ခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်းနှင့် ဂုဏ်ထူးရရှိသူဦးရေပါ တိုးတက်လာသည်ကို တွေ့ခဲ့ရသည့်အတွက် အခက်အခဲမျိုးစုံကြားက ကြိုးစားခဲ့ကြသော ရခိုင်ပြည်နယ်ပညာရေးမိသားစုကို အထူးပင်ကျေးဇူးတင်ကြောင်း၊ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် သင်ကြားပေးခဲ့ကြသော ဆရာဆရာမများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့ကြောင်း၊ လာမည့်တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ယခင်နှစ်များထက် အရေအတွက်ရော အရည်အသွေးပါ တိုးတက်မြင့်မားသော ထူးချွန်လူငယ်များ



မွေးထုတ်ပေးနိုင်ရန် ယခုကတည်းက လိုအပ်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ကြရန် အခြေခံကျသည့် အထက်တန်းကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် ပြည်နယ်ပညာ၊ အဆင့်မြင့်ပညာမှ တာဝန်ရှိသူများအားလုံးကို မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းနှင့် ပြည်နယ်ပညာရေးမှူးတို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောက်ဖြူခရိုင်နှင့် မာန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်သက်ကျော်က တက္ကသိုလ်ဝင်စာမေးပွဲနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အထက်တန်းကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်ငွေများကို ပေးအပ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်နိုင်ရန် အထက်တန်းကျောင်းအုပ် ဆရာကြီး ဆရာမကြီးများနှင့် စစ်တွေတက္ကသိုလ်တို့အား ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သဘာဝဘေးဒဏ်ကြောင့် အင်းလေးရေလယ် ဧည့်ခန်းမနှင့် လျှောက်လမ်းတံတားပျက်စီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ညောင်ရွှေမြို့နယ် ချောင်းဝကြီး၌ ရှိသော အင်းရေပြင်အတွင်းရှိ သဲနုန်းတူးစက်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရာဂီမုန်တိုင်း သဘာဝဘေးဒဏ်ကြောင့် အင်းလေးရေလယ်ခန်းမနှင့် လျှောက်လမ်းတံတား ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ညောင်ရွှေမြို့နယ် ဟူပင်ဟိုတယ်၌ လာမည့်နွေရာသီကာလတွင် လူရည်ချွန် အပန်းဖြေစခန်း ဆောင်ရွက်ထားရှိနိုင်ရန် လျာထားမှုနှင့် ခေါင်တိုင် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းစာ



ကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ကျောင်းစာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ၌ အသစ် ဖွင့်လှစ်ထားရှိသော အလင်းရောင်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်အတွက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန်ဘက်စုံပြုပြင်မွမ်းမံနေမှုနှင့် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကြီးနားမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက် ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ပဋ္ဌိပတ္တိမာမကကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၃

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)တွင် အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၅၀ တို့အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။







ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၃ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

ပေါင်၊ လည်ပင်းနဲ့ ရင်ဘတ်ထဲ စူးအောင့်လို့ လာပြီးပြတာပါ။ ဒီမှာတော်တော်ကောင်းတယ်ဆိုလို့ လာပြတာလည်းဖြစ်ပါတယ်။ ဘယ်လို ခံစားရလည်းဆိုတော့ တစ်ခါတစ်ခါကျ ပူတယ်။ နောက်ကျတော့လည်း ပျောက်သွားလိုက်နဲ့။ အညောင်းခံလို့မရဘူး။ အညောင်းခံလိုက်တာနဲ့ တစ်ခါတည်း တင်းပြီး နာလာတာပဲ။ ကောင်းသွားတာ နှစ်နှစ်လောက်ရှိသွားပြီး အခုပြန်ဖြစ်လာလို့ လာပြတာပါ။ အခုလို တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ လာပြီး ကုသပေးတဲ့အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါတယ်။

ချောင်းဆိုးလို့ လာပြတာပါ။ ချောင်းဆိုးတဲ့အခါ သလိပ်ထုတ်ဖို့ တအားဆိုးရတာ။ လည်ချောင်းတွေယားတယ်။ အဲဒါကြောင့် လာပြတာပါ။ အခုလိုတပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ လာရောက် ကုသပေးတဲ့အတွက် ငွေကြေးခက်ခဲတဲ့သူတွေ ပိုပြီး အဆင်ပါတယ်။ ဆေးရုံ ဆေးခန်း သွားပြဖို့ဆိုတာ ခက်ခဲတယ်လေ။ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ဆရာဝန်တွေကလည်း သဘောကောင်းပါတယ်။ ဆရာဝန်တွေက ရောဂါဖြစ်တာတွေနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့လဲ၊ ဘယ်လိုကနေ ဘယ်လိုစဖြစ်တာလဲ၊ ဖြစ်တာကြာပြီလား စသည်ဖြင့် သေသေချာချာမေးပါတယ်။ စိတ်လည်း ရှည်ကြပါတယ်။ လူနာတွေကိုလည်း ဂရုစိုက်ပြီးမေးပါတယ်။ ဆေးကိုလည်း သေချာသောက်ဖို့ ပြောလိုက်ပါတယ်။ ဘာကြောင့်၊ ဘယ်လို သောက်ရတယ်ဆိုတာ ကအစ သေချာရှင်းပြပေးပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ် နောက်ထပ်တွေမှာလည်း ဒီရွာကိုအကြိမ်ရေ များများလေးလာပေးဖို့ မျှော်လင့်ပါတယ်။

သတင်းစဉ်

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ချင်းပြည်နယ်ဝန်ကြီးချုပ် စာရင်းရေး၊ စာရင်းကိုင်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်

ဟားခါး ဇန်နဝါရီ ၂၃

ချင်းပြည်နယ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချင်းပြည်နယ်သမဝါယမဦးစီးဌာနက ဖွင့်လှစ်သော စာရင်းရေး၊ စာရင်းကိုင်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က သဘာဝအရင်းအမြစ်ရှားပါးသော်လည်း လူသားအရင်းအမြစ်ရှိသည့်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဤသင်တန်းတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများ ရေးဆွဲနေသည့် ကုန်ထုတ်လုပ်မှုစာရင်းများ၊ ကုန်သွယ်မှုစာရင်းများ၊ အရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေပြ လက်ကျန်ရှင်းတမ်းများအထိ ရေးဆွဲနိုင်မည့် (Accounting Concept) များကို သင်ကြားပို့ချသည်ဟု သိရှိရပါကြောင်း၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ခြင်းအားဖြင့် ဒေသခံပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာကာ ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာမည်ဖြစ်ကြောင်းနှင့် လာမည့် ကာလများတွင်လည်း နည်းပညာသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ချင်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ဇော်ထွန်းက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး သင်တန်းတွင် အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ သင်တန်းတွင် တစ်ဦးချင်း ပထမ၊ ဒုတိယရရှိသူများအား ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က လည်းကောင်း၊ သင်တန်းတွင် တစ်ဦးချင်း တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က လည်းကောင်း၊ သင်တန်းဆင်း လက်မှတ်များကို ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား အားပေးစကားပြောကြားသည်။

ခရိုင် (ပြန်/ဆက်)



# ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ)စံပြကွက် အပင်ပြုစုခြင်း သရုပ်ပြပွဲ ပြုလုပ်

ပုသိမ် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ တောင်သူဦးမန်းကျော်ခိုင်၏ စိုက်ဧက ၁၂ ဧကတွင် ဆီထွက်သီးနှံ(နေကြာ)စံပြကွက် အပင်ပြုစုခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်သူဦးမန်းကျော်ခိုင်၏ စိုက်ကေတွင် စိုက်ပျိုးထားသည့် Super Sun-41နေကြာ စံပြကွက်တွင် ပေါင်လုံးခြင်း၊ အပင်သားခွဲခြင်း၊ ပုလဲမြေသြဇာ နှစ်ဆနှင့် နွားချေးလေးဆရော၍ အပင်အစာကျွေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ ရေပေးသွင်းခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းနှင့် မြေသြဇာ အချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပမည့် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာကွင်းသို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သီးပင်စားပင်များ အချိန်မီသီးပွင့်စေရေး၊ သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်နေစေရေးနှင့်အချိန်မီဖူးပွင့်စေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကိုပါ တောင်သူအသိပညာပေးပြသနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့အုပ်စု ကွင်းယားကြီးကျေးရွာသို့ ရောက်ရှိ၍ တောင်သူဦးဆန်းဦး၏ စိုက်ကေသုံးဧကတွင် Super Sun-41 နေကြာမျိုး စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ ရေပေးသွင်းခြင်း၊ မြေသြဇာအချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မုံရွာမြို့ ဆိပ်ကမ်းသာယာလှပရေးနှင့် စနစ်တကျဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆိပ်ကမ်းသာယာလှပရေးနှင့် စနစ်တကျဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက မုံရွာမြို့ ဆိပ်ကမ်းသာယာလှပရေးနှင့် စနစ်တကျဖြစ်စေရေး မိမိတို့ဌာနများအလိုက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ချင်းတွင်းမြစ်အတွင်း မြစ်သဲကျောက်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်ထုတ်ပေးထားရှိမှု၊ ရေယာဉ်များစနစ်တကျ ပြေးဆွဲရေး၊ ဆိပ်ကမ်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က တိုင်းဒေသကြီးအတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရေယာဉ်အသင်း ကိုယ်စားလှယ်များက မိမိတို့လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းပေါင်းစပ်ပေးလိုမှု လုပ်ငန်း အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မုံရွာမြို့ ဆိပ်ကမ်းသာယာလှပရေးနှင့် စနစ်တကျဖြစ်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇)ကို ဇန်နဝါရီ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုတစ်ပတ်တွင် အသင်းကြီးအချင်းချင်းတွေ့ဆုံမှုမရှိသော်လည်း ချန်ပီယံဆုအပါအဝင် ထိပ်ဆုံးသုံးသင်းအတွက် အားပြိုင်မှု၊ တန်းဆင်းဇုန်အတွက် ရုန်းကန်မှုများကို ဆက်လက်တွေ့မြင်ရမည်ဖြစ်သည်။

ပွဲစဉ် (၁၇)အဖြစ် ဇန်နဝါရီ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း က ရမှတ် ၄၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၅ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ Dagon Port အသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ ရှောဝတီယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်းကငါးမှတ်ရရှိထားသည်။

ယခုတစ်ပတ်တွင် တန်းဆင်းဇုန်ထဲရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းသည် ဇယားထိပ်ပိုင်းမှ အသင်းများနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး တန်းဆင်းဇုန်အပေါ်မှ အသင်းများမှာလည်း ယင်းနှစ်သင်း ပွဲကျပ်ကစားရမှုကို အသုံးချနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ **ကိုညီလေး**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၅-၁-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇) ၊ အမှတ် (၄) တွင် မိမိမကျွမ်းကျင်သည့် အလုပ်ကိုလုပ်ကိုင်မိ၍ ဒုက္ခရောက်ခဲ့ရသော ဖိုးချွန်းနှင့် ဝိတ်ပေါတို့အကြောင်းကို သရုပ်ဖော်ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါ- ကိုယ့်အလုပ် ကိုယ်လုပ်" မျက်နှာဖုံးကာတွန်း၊ မိုးရွာပြီးစအချိန်တွင် ကောင်းကင်၌ မြင်တွေ့ကြရသည့် သက်တံရောင်စဉ်များအကြောင်းကို ဗဟုသုတရဖွယ်ရေးဖွဲ့ထားသည့် "သက်တံရောင်စဉ် ပဟေဠိ" သုတဆောင်းပါး၊ အလုပ်တစ်ခုကိုလုပ်ဆောင်ရာ၌ နောင်ဖြစ်လာမည့် အကျိုးဆက်များကို တွေးတောဆင်ခြင်၍ ဆောင်ရွက်သင့်ကြောင်း သရုပ်ဖော်ထားသည့် "စဉ်းစားပြီးမှ လုပ်ပါ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် အနိုင်ကျင့်ကာ အချောင်ခိုခဲ့ပြီး ဒုက္ခရောက်သော




အခါမှသာ ရေသန့်ဘူးကဲ့သို့ စိတ်ထားဖြူစင်သော သူငယ်ချင်းအကြောင်းကို သိခဲ့ရသည့် ကျော်ကြီးအကြောင်းကို ရေးဖွဲ့ထားသည့် "ရေသန့်ဘူးလိုမျိုး" ဝတ္ထု၊ ဆရာမ စာမေးမည်ကိုသိ၍ နေမကောင်းဟန်ဆောင်ကာ ခွင့်တိုင်ခဲ့သော ဖိုးထူးအကြောင်းကို သရုပ်ဖော်ထားသည့် "ခွင့်တိုင်စာ" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို သနားညှာတာတတ်ပြီး ဉာဏ်ပညာနှင့်ပြည့်စုံသောကြောင့် သူဌေးကြီး၏သမီးငယ်နှင့် ပိုင်ဆိုင်မှုများကိုရရှိခဲ့သော လုလင်ငယ်တစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် "ကြင်နာသနားပညာများသူ" ပုံပြင်၊ သူငယ်ချင်းများနှင့် ဘောလုံးကစားရာ၌ ဖြတ်ထိုးဉာဏ်သုံးကာ ဂိုးတိုင်ပြုလုပ်ခဲ့သော ကွာစိအကြောင်းကို သရုပ်ဖော်ထားသည့် "ဖြိုးရဲနှင့် ကွာစိ- ဂိုးဖမ်းမယ်" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားများအနေဖြင့် မိမိမကျွမ်းကျင်သော ဘာသာရပ်ကို မဆုတ်မနစ်ကြိုးစားပါက ၎င်းဘာသာရပ်တွင် ထူးချွန်လာနိုင်ကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုးရဲ့ မဆုတ်မနစ်" နှစ်မျက်နှာကာတွန်း၊ အိမ်ငှားရမ်းမည့်သူနှင့် အိမ်ပိုင်ရှင်တို့အကြား အိမ်ငှားရမ်းခ ညှိနှိုင်းပြောဆိုပုံကို အပြန်အလှန်ပြောဆိုပုံဖြင့် ရေးဖွဲ့ထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍအပါအဝင် ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ၂၀၂၅ အာဆီယံမှ**

အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်တွင် ပုံစံပြောင်းလဲကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် 2024 AFF Women's Cup ပြိုင်ပွဲကျင်းပကာ ခြေစစ်ပွဲပုံစံယှဉ်ပြိုင်စေခဲ့သည်။ အဆင့်သတ်မှတ်ချက်အနိမ့်ဆုံးဖြစ်သည့် ခြောက်သင်းကို သုံးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး ချန်ပီယံဆုရ အင်ဒိုနီးရှား၊ ဒုတိယဆုရ ကမ္ဘောဒီးယား၊ တတိယဆုရ စင်ကာပူအသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း အပါအဝင် ဩစတြေးလျ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ဖေဖော်ဝါရီလတွင် နီပေါနိုင်ငံ၌ ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအပြင် အာရှဖလားခြေစစ်ပွဲနှင့် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင်ပါ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

**❍ အာဆင်နယ်အသင်းမှ**

ပီအက်စ်ဂျီအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်မှာတော့ မန်စီးတီးအသင်းဟာ ဂရီယယ်လစ်ရှ်နဲ့ ဟာလန်းတို့ရဲ့ သွင်းဂိုးတွေနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းက ဒမ်ဘီလီ၊ ဘာကိုလာ၊ နီဗက်စ်၊ ကွန်ဂါလိုရာမို့စ်တို့ရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ မန်စီးတီးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ကနေ နှုတ်ဆက်ထွက်ခွာရဖို့ အနေအထားမှာရှိနေပြီး ပီအက်စ်ဂျီအသင်းကတော့ ရှုံးထွက်အဆင့်ကို ယှဉ်ပြိုင်ရဖို့ အခွင့်အရေးရှိနေတာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ လိုက်ပ်ဇစ်အသင်းက စပို့တင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရက်တာဒိုးနက်စ်အသင်းက ဘရက်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အေစီမီလန်အသင်းက ဂျီရိုနာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆဲလ်တစ်အသင်းက ယန်းဘွိုင်းစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရီးယဲလ်မက်ဒရစ်အသင်းက ဆဲလ်ဘတ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဖီယင်နူအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အင်တာမီလန်အသင်းက စပါတာပရက်အသင်းကို တစ်ဂိုး-ဂိုးမရှိစသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

**❖ MFF မှ**

ဒုတိယနေရာမှ MH Dream Team အသင်းနှင့် တတိယနေရာမှ Generations အသင်းတို့ အမှတ်ပြည့်ရခဲ့သလို လက်ရှိချန်ပီယံ VUC အသင်းလည်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

ပွဲစဉ်(၆)အပြီးတွင် MIU အသင်းက ၁၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၄ မှတ်၊ Generations အသင်းက ၁၁ မှတ်၊ YRG အသင်းက ကိုးမှတ်၊ M2K အသင်းက ရှစ်မှတ်၊ VUC အသင်းက ခုနစ်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ YCDC Marga အသင်းက လေးမှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ်ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


**ပတ်စ်ပို့ ပျောက်ဆုံးကြောင်း**

မမေမာသိန်း (ဘ)ဦးကြည်သိန်း [၁၂/တကန (နိုင်) ၁၇၆၅၁၀] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 718846)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-660380811**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက-ပြည်ညောင်(ကား)၊ Grade-2 မှ မစံနီနိုင်၏ ဖခင်အမည်မှာ ဦးမြင့်ဝင်း [၉/သစန (နိုင်) ၁၃၇၆၀၁] ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.မ.က (ဘုရားလေးစု)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဇော်အောင်(ခ) ဦးဇော်ထက်အောင် [၁၂/ခရန(နိုင်)၀၈၀၉၃၁] မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဇော်အောင် (ခ)**
**ဦးဇော်ထက်အောင်**
**[၁၂/ခရန(နိုင်)၀၈၀၉၃၁]**

**အမည်ပြောင်းခြင်း**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဘ) ဦးဝင်းထင်အောင် [၁၂/ဒဂတ(နိုင်)၀၀၁၅၉၉] (မိ) ဒေါ်နှင်းနှင်းလှိုင်[၁၂/ဒဂမ(နိုင်) ၀၁၂၈၉၃]၏ သမီး မမေသရဖီကျော် အားမခိုင်ဇင်သန့် ဟု ပြောင်းလဲခေါ်ပါရန်။

**"ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"**

